မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၁၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝေးလံခေါင်းပါးသည့် ကမ်းရိုးတန်းဒေသများသို့ သွားရောက်၍ မုန်တိုင်းနှင့်ငလျင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မည့်

နယ်လှည့်အသိပညာပေး ဘဝသစ်ရေယာဉ် ဖွင့်ပွဲကျင်းပ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ သဘာဝဘေး အန္တရာယ် လျော့ပါးရေး အစီအစဉ်၏ နယ်လှည့်အသိပညာပေး ဘဝသစ်ရေယာဉ် ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၃

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် နန်းသီတာဆိပ်ကမ်း၌ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် SEEDS Asia (Sustainable Ecological Environment Development Society Asia) တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်၏ နယ်လှည့်အသိပညာပေး ဘဝသစ်ရေယာဉ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

စာမျက်နှာ ၉ ကော်လံ ၂ ❐

မြိုင်မြို့တစ်ခွင် စည်ပင်ဖွံ့ဖြိုး အလှတိုး

➤ သတင်းခရီးသည်နှင့်ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

ပခုက္ကူ မေ ၃

မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသ မကွေးတိုင်း ပခုက္ကူခရိုင်အတွင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ ငါးမြို့နယ်ပါဝင်သည်။ ပခုက္ကူမြို့မှ မြောက်ဘက် ၂၇မိုင်ကွာဝေးသော မြိုင်မြို့သို့ မြန်မာ့အလင်းသတင်းအဖွဲ့ ကားငယ်လေးဖြင့် စီးနင်းလိုက်ပါခဲ့သည်။ ကားနှစ်စီးရှောင်သာသော ကတ္တရာလမ်းဖြစ်၍ စီးရသည်မှာ သက်သောင့်သက်သာရှိလှသည်။ ကားပေါ်တွင် အတူလိုက်ပါလာသော ဆည်မြောင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးငွေဝင်းက ၁၉၈၈ခုနှစ်မတိုင်ခင်က ပခုက္ကူ-မြိုင်ကားလမ်းဟာ မြေသားလမ်းဖြစ်ပြီး အခုတော့ ၂၇မိုင်စလုံး ကတ္တရာလမ်းဖြစ်နေပါပြီဟု တိုးတက်ပြောင်းလဲမှုကို ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြိုင်မြို့တွင် ကမ္ဘာ့သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံမှ ၁၁-ကေဗွီ ဓာတ်အားရယူပြီး ဓာတ်အားများ တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် လျှပ်စစ်ဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်နေသည်ကို ဤသို့ တွေ့ခဲ့ရသည်။

နွေစပါးစိုက်ခင်း

နှစ်စဉ် မိုးရေချိန်လက်မ ၃၀ခန့်သာရွာသွန်းသော ပခုက္ကူခရိုင် မြိုင်မြို့တွင် ရေလှောင်တမံ ဆည်ကိုးခု၊ ရေလျှံတွင်း ၁၇၆တွင်းမှ ရရှိသော စိုက်ပျိုးရေတို့ဖြင့် နွေစပါး၊ မိုးစပါး ဧက ၄၄၀၀၀ကျော် စိုက်ပျိုးနိုင်ခဲ့ရာ နွေစပါးစိုက်ခင်းကို ဤသို့ အားရဖွယ်မြင်တွေ့ခဲ့ရသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၄ ရက်)

လက်ကိုစင်စင်ဆေးကြောမှ ရောဂါဘယကင်းဝေးမည်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှစ်စဉ်ထုတ်ပြန်သည့် ရေကောင်းရေသန့်ရရှိရေး၊ သန့်ရှင်းရေးနှင့် ကျန်းမာရေးအခြေအနေဖော်ပြချက်များအရ နှစ်စဉ် ဝမ်းပျက်ဝမ်းလျှောရောဂါများကြောင့် ကမ္ဘာပေါ်တွင် လူသန်းပေါင်း ၁၁သမ ၈သန်း သေဆုံးလျက်ရှိပြီး သေဆုံးသူအများစုသည် ကလေးသူငယ်များ ဖြစ်ကြသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုကိုလျှော့ချ၍ ပပျောက်စေရန် သန့်(၄)သန့် လုပ်ငန်းကို လူတိုင်းသိရှိသဘောပေါက် လိုက်နာဆောင်ရွက်ရန် လိုအပ်ပေသည်။

သန့်(၄)သန့်လုံလောက်စွာရရှိရေးတွင် ရေကောင်းရေသန့် လုံလောက်စွာရရှိရေး၊ အညစ်အကြေးများကို ကျန်းမာရေးနှင့်အညီစွန့်ပစ်ရေး၊ အစားအစာသန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးတို့ဖြစ်ပြီး အထူးသဖြင့် လက်သန့်ရှင်းရေးလုပ်ငန်းဆိုသည့် သန့်(၄)သန့်သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည့် လုပ်ငန်းများဖြစ်သည်။

လက်ဆေးခြင်းသည် ကျန်းမာရေးအတွက်အရေးကြီးကြောင်းသိရှိကြသော်လည်း လူအများစုသည် သန့်စင်ခန်းအသုံးပြုပြီးချိန်တွင်သာ လက်ဆေးခြင်းဖြင့် ရောဂါအများစုကိုကာကွယ်နိုင်သည်ဟု ထင်မြင်ယူဆထားကြသည်။ တစ်နေ့တာလုံးတွင် လူအချင်းချင်းထိတွေ့ခြင်းဖြင့်လည်းကောင်း၊ ပိုးမွှားရှိနေသော အရာဝတ္ထုပစ္စည်းများ၊ အစားအသောက်များ၊ တိရစ္ဆာန်များနှင့် ၎င်းတို့၏အညစ်အကြေးများကို ထိတွေ့ကိုင်တွယ်မိခြင်းဖြင့်လည်းကောင်း လက်များတွင် ပိုးမွှားများရှိနေသည့်လက်ကိုဆေးကြောခြင်းမရှိပါက လက်မှတစ်ဆင့် မိမိ၏မျက်စိ၊ နှာခေါင်း၊ ပါးစပ်များကို ထိတွေ့ခြင်းဖြင့် ရောဂါကူးစက်နိုင်သည်။ ထို့ကြောင့် လက်ကို ဆပ်ပြာဖြင့် မကြာခဏဆေးကြောပေးခြင်းသည် ရိုးရှင်းလွယ်ကူသောအလုပ်ဖြစ်၍ အားလုံးက လုပ်ဆောင်သင့်ကြသည်။

မြန်မာနိုင်ငံ၏ သန့်ရှင်းရေးလွှမ်းခြုံမှုအခြေအနေသည် ၂၀၁၅ခုနှစ်တွင် ဖြည့်ဆည်းပေးရမည့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ၏ လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ယင်းအောင်မြင်မှုများသည် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုများကို ပြည်သူတစ်ရပ်လုံး အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်မှုကြောင့်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းဝေးရေးအတွက် သန့်(၄)သန့်ကို အထူးဂရုစိုက် လိုက်နာဆောင်ရွက်သွားကြပါက ပြည်သူများအနေဖြင့် ကျန်းမာသောလူမှုဘဝကို ခံစားရရှိနိုင်ကြမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၅-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဆွဲအားနှင့်စွဲအား** (ဆရာတော် အရှင်ဆန္ဒာဓိက)
- ၆:၅၀ အံ့ဖွယ်တမူ **ဆဒ္ဒန်ဂူ**
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၀)
- ၈:၃၀ Sports World (Contender)
- ၈:၅၅ မြို့မမှာယဉ်ကျေး ငေးရအောင်ပွင့်တဲ့ ဓမ္မပန်းကလေးများ
- ၉:၂၀ အလှကြွယ်တဲ့ မြို့ပျော်ဘွယ်
- ၉:၃၅ Cartoon Show Time (Bambi)
- ၁၀:၂၀ Activities in the City (Seven Diamond Dragon Trading Co., Ltd. ရဲ့ဈေးရောင်းပွဲ)
- ၁၀:၂၅ Panasonic နှင့် ECO Ideas
- ၁၀:၃၅ မော်တင်စွန်းဆီသို့
- ၁၁:၀၅ သင်ကြားရေးလမ်းညွှန် (Hola Dance Studio)
- ၁၁:၄၀ အင်းလေးသစ်ခွပန်းများမှသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆီသို့
- ၁၂:၁၀ ဟိုတယ်လမ်းညွှန် (Mandalay Sedona Hotel)
- ၁၂:၃၅ ထန်းပင်မှဖြစ်သည့်အနုပညာ (ထန်းပန်းချီ)
- ၁၂:၄၅ Panasonic နှင့် ECO Ideas
- ၁:၀၀ **ဆွဲအားနှင့်စွဲအား** (ဆရာတော် အရှင်ဆန္ဒာဓိက)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Pop Fashion-3)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၀)
- ၄:၀၅ Activities in the City (Seven Diamond Dragon Trading Co., Ltd. ရဲ့ ဈေးရောင်းပွဲ)
- ၄:၁၀ အလှကြွယ်တဲ့ မြို့ပျော်ဘွယ်
- ၄:၂၅ တေးဂီတအစီအစဉ်
- ၄:၄၀ မြို့မမှာယဉ်ကျေး ငေးရအောင်ပွင့်တဲ့ ဓမ္မပန်းကလေးများ
- ၅:၁၀ World of Knowledge (Petronas Towers)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Celebrity Style (ဖြိုးငွေစိုးနှင့် တွေ့ဆုံခြင်း)
- ၆:၃၅ သင်ကြားရေးလမ်းညွှန် (Hola Dance Studio)
- ၇:၁၅ Fashion Music Festival (Pop Fashion-3)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Cartoon Show Time (Bambi)
- ၉:၀၅ Celebrity Style (ဖြိုးငွေစိုးနှင့်တွေ့ဆုံခြင်း)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၀)
- ၁၀:၀၀ Sunday Talk
- ၁၀:၅၀ ဟိုတယ်လမ်းညွှန် (Mandalay Sedona Hotel)
- ၁၁:၁၀ မော်တင်စွန်းဆီသို့
- ၁၁:၃၀ ထင်ရှားဖူးမြော် ပင်းတယရွှေဥမင် လိုဏ်ဂူတော်
- ၁၁:၄၅ ကျန်းမာပျော်ရွှင်ဘဝတစ်ခွင်
- ၁၁:၅၀ ဒစ်ဂျစ်တယ်ကတ္တားအစ စီထွာက
- ၁၂:၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

STI Education TEFL (High School) သင်တန်း မကြာမီဖွင့်မည်

နေပြည်တော် မေ ၃

STI Education သည် London Teacher Training College (LTTC), UK နှင့် မြန်မာနိုင်ငံ၏ ပထမဆုံး အစောဆုံးမိတ်ဖက်ကျောင်းအဖြစ် ၂၀၀၆ခုနှစ်မှစတင်၍ ဆရာဖြစ် သင်တန်းများ ပို့ချခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းရှိ အင်္ဂလိပ်စာ အထက်တန်းပြ ဆရာ ဆရာမများ၊ ပုဂ္ဂလိက ကျောင်းဆရာ ဆရာမများ၊ Home based tuition ဆရာ ဆရာမများ၏ စွမ်းရည်နှင့် သင်ပြနည်းများတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် TEFL (High School) ဆရာဖြစ် သင်တန်းကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သည်။

သင်တန်းတွင် အင်္ဂလိပ်စာ အရေး၊ အဖတ်၊ Vocabulary. Grammar နှင့် တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာ စာမေးပွဲဖြေဆိုနည်းများကို အာရုံပြုသင်ကြားမည်။ သင်တန်း၏ ရည်ရွယ်ချက်များမှာ စာမေးပွဲဖြေဆိုရန် နည်းဗျူဟာများဖြစ်သည့် အချိန်စီမံခန့်ခွဲမှုနှင့် ပုံမှန်လေ့လာ ကျက်မှတ်ရမည့်ပုံစံ၊ ကျောင်းသားများ၏ စိတ်လှုပ်ရှားမှုလျော့ကျစေရန် နည်းလမ်းများ၊ စာဖတ်နည်းများဖြစ်သည့် Skimming နှင့် Scanning များကို လွယ်ကူပိုင်နိုင်စွာ အသုံးချနည်းများ၊ ကျောင်းသားများ၏ ဝေါဟာရကြွယ်ဝအောင် လေ့ကျင့်နည်းနှင့် သဒ္ဒါဆိုင်ရာ အထားအသို အမှားအယွင်းများ လျော့ပါးလာစေရန် နည်းလမ်းကောင်းများ၊ စာစီစာကုံးနှင့် စာရေးနည်းဆိုင်ရာ နည်းလမ်းများ၊ ဖြတ်ထိုးဉာဏ်နှင့် စဉ်းစားနည်း၊ စာစီစာကုံး၏ ရည်ရွယ်ချက်၊ စာဖတ်ရှုမည့်သူနှင့် ဆီလျော်သည့် ဝါကျအသုံးအနှုန်းများ အသုံးပြုနည်းများ၊ ကျောင်းသားတစ်ဦးစီ၏ အားနည်းချက်များ စိစစ်မှု၊ တိုးတက်မှုဖြစ်စဉ် သုံးသပ်ပုံ၊ စာစီစာကုံး ရေးသားနည်း၊ စာဖတ်နည်း၊ ဝေါဟာရ၊ သဒ္ဒါနှင့် စာစီစာကုံးရေးသားနည်းတို့ကို ပိုင်နိုင်စွာ သိရှိနားလည်၊ လေ့ကျင့်ပေးရေးတို့ဖြစ်ကြောင်း သိရှိရသည်။ သင်တန်းပြီးဆုံးသူ ဆရာ ဆရာမများသည် အထက်တန်းကျောင်းသားများ ရင်ဆိုင်နေရသည့် အင်္ဂလိပ်စာမေးပွဲအခက်အခဲများကို ခိုင်ခိုင်မာမာ အောင်အောင်မြင်မြင် ကျော်လွှားနိုင်ရန် နည်းလမ်းများကို သိရှိသွားမည်ဖြစ်သည်။

သင်တန်းကာလမှာ နှစ်လကြာမြင့်ပြီး နိုင်ငံခြားတက္ကသိုလ်များတွင် သင်ကြားနေသည့် ဝါရင့်နိုင်ငံခြား ပညာရှင်များက ဦးဆောင်သင်ကြားမည်ဖြစ်ကြောင်း သိရှိရသည်။ သင်ကြားမည့်ဆရာမှာ University of Hawaii, USA မှ ဘွဲ့ရဖြစ်ပြီး MA ဘွဲ့လွန်ကို New England University မှ ရရှိကာ အမေရိကန်နှင့် အာရှတစ်ခွင်တွင် အင်္ဂလိပ်ဘာသာ သင်ကြားခဲ့သည့် အတွေ့အကြုံများစွာရှိသူဖြစ်သည်။ တန်းခွဲသစ်များကို ၂၀၁၀ ခုနှစ် မေလလယ်တွင် စတင်သင်ကြားပို့ချမည်ဖြစ်သဖြင့် အသေးစိတ်သိရှိလိုပါက အမှတ် ၃၇၇ ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့ လည်းကောင်း၊ အဆောင်(၄) အခန်း ၇ မြန်မာအင်ဖိုတက်ခ်လှိုင်မြို့နယ်သို့လည်းကောင်း၊ ဖုန်း-၂၅၀၀-၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁နှင့် ၅၀၇၁၅၂တို့တွင် ဆက်သွယ်စုံစမ်း စာရင်းသွင်းအပ်နှံနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ်၌ သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၃

တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၂၇ရက် (ကဆုန်လပြည့်နေ့) နံနက် ၉နာရီက အဆိုပါရပ်ကွက်ရှိ ဇဟိုဓမ္မာရုံ၌ ကျင်းပရာ ဓမ္မာရုံအတွင်းရေးမှူး ဦးအေးက အဖွင့်အမှာစကားပြောကြားပြီး ကန်တော့ချိုးကို တိုင်ပေးကာ သက်ကြီး အဘိုးအဘွား ၁၉၇ဦးတို့အား စုပေါင်း ကန်တော့ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ငွေကျပ် သိန်း ၈၀ မတည်အလှူရှင် သီတာရွှေဆိုင်မိသားစုက အဘိုးအဘွားများအား ကန်တော့ပစ္စည်း၊ ကန်တော့ငွေများပေးအပ်ပြီး ဓမ္မာရုံ ပြုပြင်ရန် ငွေကျပ်တစ်သိန်းကို ဓမ္မာရုံဥက္ကဋ္ဌ ဦးငွေထွန်းအားလည်းကောင်း **(အပေါ်ပုံ)**၊ အထက (၂) ကျောင်းပြုပြင်ရန်အတွက် ငွေကျပ်တစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စံစံအားလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ကျေးဇူးတင်စကား

ထို့နောက် သက်ကြီး အဘိုးအဘွားများ၏ကိုယ်စား အဘိုးဦးထွန်းရင်နှင့် အဘွား ဒေါ်စောရင်တို့က ဩဝါဒစကားပြောကြားပြီး ကျောင်းနှင့်ဓမ္မာရုံ လှူဒါန်းမှုတို့အတွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးနှင့် ဓမ္မာရုံဥက္ကဋ္ဌ ဦးငွေထွန်းတို့က ကျေးဇူးတင်စကား ပြန်လည် ပြောကြားကြသည်။ (၁၃၅)

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲအတွက် စာမူများဖိတ်ခေါ်

ရန်ကုန် မေ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ်အတွက် ဝတ္ထုတိုစာမူပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဘဝသရုပ်ဖော်

ဝတ္ထုတိုပြိုင်ပွဲတွင် ကျေးလက်အလှသဘာဝများ၊ ကျေးလက်ယဉ်ကျေးမှုဓလေ့များနှင့် ဘဝသရုပ်ဖော်အကြောင်းအရာများကို နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။ စာမူကို A4 စာမျက်နှာဖြင့် ကွန်ပျူတာလေးမျက်နှာ သို့မဟုတ် လက်နှိပ်စက်ငါးမျက်နှာ သို့မဟုတ် လက်ရေးဖြင့် ခြောက်မျက်နှာထက်မပိုဘဲ ရေးဖွဲ့နိုင်သည်။

ဝန်ခံချက်

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့် မိတ္တူတစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်သူသည် ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး မိမိကိုယ်တိုင် ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များပါရှိမည်။ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုသုံးဆု ရွေးချယ်သွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ် ၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၃၀၀၀၀၊ တတိယဆု ငွေကျပ် ၂၀၀၀၀ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဆုရရှိသူများစာရင်းကို နေ့စဉ်ထုတ်သတင်းစာများနှင့် ဒို့ကျေးရွာဂျာနယ်တွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဝတ္ထုတိုများကို စာတည်းမှူး ဒို့ကျေးရွာဂျာနယ် အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆နှင့် ၃၇၁၃၄၂ တို့သို့ ၂၀၁၀ခုနှစ် စက်တင်ဘာ ၂၀ရက် ညနေ ၄နာရီ နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာသည့်အလေ့အထ ပိုမိုစွဲမြဲလာရေး

စာကြည့်တိုက်များ ရေရှည်ခိုင်မာဖွံ့ဖြိုးရှင်သန်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် မေ ၃

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်းသည် မေ ၁ရက်က စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် မိုးကောင်းကျေးရွာအုပ်စုနှင့် ပိတောက်ကုန်း ကျေးရွာအုပ်စုအတွင်းရှိ ထူထောင်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ သတ်မှတ်စံ (၅)ချက်နှင့် ညီညွတ်သည့် ရေရှည်ခိုင်မာဖွံ့ဖြိုးသော စာကြည့်တိုက်များဖြစ်လာစေရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

နှုတ်ဆက်အားပေး

ရှေးဦးစွာ ဝန်ကြီးသည် ပိတောက်ကုန်းကျေးရွာရှိ ငွေသော်တာ ကိုယ့်အားကိုယ်ကိုး ယာယီစာကြည့်တိုက်၏ အဆောက်အအုံနှင့် ပရိဘောဂများ၊ စာအုပ်စာစောင်များ၊ စာငှားကတ်စနစ်ဖြင့် စာအုပ်ငှားရမ်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွင်း စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများအား နှုတ်ဆက်အားပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မိုးကောင်းကျေးရွာအုပ်စုနှင့် ပိတောက်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအတွက် အခိုင်အမာ စာကြည့်တိုက်ဆောက်လုပ်ရန် မတည်ငွေများနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းပြီး ပိတောက်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အသစ် တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီး ဦးကျော်ဆန်းသည် မေ ၂ရက်က ပုလဲမြို့နယ် ကံကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ သွားရောက်စစ်ဆေးပြီး စာပေဖတ်ရှုလေ့လာနေကြသည့် ပြည်သူများအား နှုတ်ဆက်အားပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကံကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအတွက် အခိုင်အမာ စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် မတည်ငွေများနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ဖွံ့ဖြိုးရှင်သန်ရေး

ဝန်ကြီးသည် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို စစ်ဆေးစဉ် ဒေသခံပြည်သူများအနေဖြင့် စာပေဖတ်ရှုလေ့လာသည့်အလေ့အထ ပိုမိုစွဲမြဲလာစေရေး၊ စာကြည့်တိုက်များ ရေရှည်ခိုင်မာ ဖွံ့ဖြိုးရှင်သန်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တာဝန်ရှိသူများနှင့် ပြည်သူများအား တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်း မိုးကောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်း ကံကြီးကျေးရွာရှိ လောကသစ်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွင်း စာပေဖတ်ရှုလေ့လာနေကြသည့် ပြည်သူများအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၅-၅-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် **(မင်္ဂလသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ထူးဆန်းထွေလာ ဤမြေကမ္ဘာ (၃၈) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	ဆိုကြပျော်ရွှင်တေးသံစဉ် (၉၀) တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဂန္ထဝင်ရင်ခုန်သံ (၃)
၁၂း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (သတိပြုလို့ နားဆင်စေချင်)
၁၂း၄၅	တေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀	ခံတွင်းမြိန်စရာ သူ့လက်ရာ (မြန်မာ့မုန့်ဟင်းခါး)
၁၇း၁၀	Current Song (20)
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	တေးပဒေသာ
၁၇း၃၅	အင်္ဂလိပ်စာ သုတပဒေသာ (5)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် (၄၈)
၁၈း၂၀	ကျေးလက်ဇာတ်လမ်း (ချစ်တဲ့ကမ္ဘာကြီး)
၁၈း၃၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၀၅	သံစဉ်တေးသွား မေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉း၁၅	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ(ရော)
၁၉း၄၀	ဝတ္ထုတိုခံစားမှု (သိင်္ဂါရရသ)
၂၀း၀၀	ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀း၂၀	တေးပဒေသာ
၂၀း၅၀	ကျန်းမာရေးရာ သိကောင်းစရာ (ရောက်သီး၏စွမ်းပကား) လူမှုရေးဦးတည်ချက်
၂၁း၀၀	ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ်များ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးချစ်နိုင်ခေါင်းဆောင်သော အဖွဲ့ဝင် ငါးဦးပါဝင်သည့် လေ့လာရေးအဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျာကာတာမြို့၌ ဧပြီ ၂၆ရက်မှ ၂၈ရက်အထိ ကျင်းပခဲ့သော အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၁၃)ကြိမ်မြောက် ညီလာခံသို့ လေ့လာသူအဖြစ် တက်ရောက်လေ့လာခဲ့ပြီး ဧပြီ ၃၀ရက် ညနေပိုင်းက ပြန်လည်ရောက်ရှိကြသည်။

အဖွဲ့ဝင်များ

အဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးစစ်မြိုင်၊ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှူး ဦးမျိုးဝင်း၊ ဦးသိန်းနိုင်နှင့် ဦးကျော်ဝင်းတို့ ပါဝင်ကြသည်။

အာဆီယံနိုင်ငံများမှ စစ်မှုထမ်းဟောင်းအဖွဲ့များ၏ ကွန်ဖက်ဒရေးရှင်းတွင် မြန်မာနှင့်လာအိုနိုင်ငံတို့မှ စစ်မှုထမ်းဟောင်းအဖွဲ့နှစ်ဖွဲ့တို့က လေ့လာသူအဖြစ် တက်ရောက်ကြပြီး အခြားအာဆီယံအဖွဲ့ဝင် ရှစ်နိုင်ငံမှ စစ်မှုထမ်းဟောင်းအဖွဲ့ ရှစ်ဖွဲ့သည် အဖွဲ့ဝင်များအဖြစ် တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံနှုတ်ဆက်

(၁၄)ကြိမ်မြောက် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့များ ကွန်ဖက်ဒရေးရှင်း ညီလာခံကို ၂၀၁၂ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ကျင်းပရန် လျာထားဆုံးဖြတ်ကြောင်း သိရသည်။ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ စစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့ဝင် ၁၁၄ ဦးတို့အား ဧပြီ ၂၈ရက် မွန်းလွဲပိုင်းက သမ္မတအိမ်တော်၌ တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဆူစီလိုဘန်ဘန် ယူဒိုရိုနိုက မိမိတို့၏နိုင်ငံနှင့် လူမျိုးအတွက် အသက်ကို ပဓာနမထားဘဲ လွတ်လပ်ရေး၊ လုံခြုံရေး၊ အေးချမ်းတည်ငြိမ်ရေးတို့အတွက် တစ်ချိန်က စစ်ရေးတာဝန်ကို ထမ်းဆောင်ခဲ့ကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးမှ စစ်မှုထမ်းဟောင်းများအား လေးစားဂုဏ်ပြုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀-၂၀၁၁ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူ

နေပြည်တော် မေ ၃

၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာ ဦးစီးဌာနအောက်ရှိ တက္ကသိုလ်များ၌ ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ၊ သူနာပြုမဟာသိပ္ပံသင်တန်း၊ ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံသင်တန်းများနှင့် ဆေးဝါးမဟာသိပ္ပံသင်တန်းဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူထားကြောင်း၊ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ဇူလိုင် ၃၀ရက် နောက်ဆုံးပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို ဆေးသိပ္ပံပညာ ဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ဘလူ အထက ကျောင်းသားဟောင်းများ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၃

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ အထကကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဧပြီ ၂၄ရက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ အထက၊ အမက (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) တို့မှ သက်ပြည့် အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမကြီး ၉၃ ဦး တက်ရောက်ကြပြီး ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်က ပူဇော်ပွဲဖြစ်မြောက်လာပုံကိုရှင်းပြကာ မြို့နယ်ပညာရေးမှူး ဒေါ်နှင်းယဉ်က အဖွင့်အမှာစကား ပြောကြားသည်။

ပူဇော်ကန်တော့

*ဆက်လက်၍ ဦးဝင်းလှိုင်က ကန်တော့ချိုးတိုင်ပေးပြီး ဆရာ ဆရာမကြီးများအား ကန်တော့ပစ္စည်းများပေးအပ်၍ စုပေါင်းပူဇော်ကန်တော့ကြကာ **(အပေါ်ပုံ)** ကန်တော့ခံ ဆရာ ဆရာမကြီးများကိုယ်စား ဦးအေး၊ အဝေးရောက် ဆရာ ဆရာမကြီးများကိုယ်စား ဦးကျော်စန်းနှင့် ဒေါ်ထိုက်ထိုက်တို့က သြဝါဒစကားပြောကြားကြသည်။*

(မြန်မာ့အလင်း)

ဆို၊ က၊ ရေး၊ တီးသင်တန်း ကလေးမြို့၌ ဖွင့်လှစ်

ကလေး မေ ၃

စစ်ကိုင်းတိုင်း ကလေးခရိုင် ၂၀၁၀ ခုနှစ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁ရက် နံနက် ၉နာရီက ကလေးမြို့ နေရှုရာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်နိုင်က အမှာစကား ပြောကြားပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ နည်းပြ ဦးလှဋ္ဌေးက သင်တန်းနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ကလေးခရိုင်အတွင်းရှိ ကလေး၊ ကလေးဝ၊ မင်းကင်း မြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၅၀တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လ ကြာမြင့်မည်ဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

4-5 (03).pmd 1 5/4/2010, 1:30 AM

ရေနံယိုဖိတ်ရာဒေသသို့ သမ္မတအိုဘားမား သွားရောက်ကြည့်ရှု

ဝါရှင်တန် မေ ၃

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ပင်လယ်ကွေ့ကမ်းရိုးတန်းဒေသတစ်လျှောက် ရေနံများယိုဖိတ်သည့်နေရာသို့ မေ ၂ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုခဲ့ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်သည်။

သမ္မတအိုဘားမားသည် မိန့်ခွန်းပြောကြားမည့် မစ်ချီဂန်ပြည်နယ်သို့ သမ္မတ၏ အထူးလေယာဉ်ဖြင့် သွားရောက်စဉ် လေယာဉ်ပေါ်၌ အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူ ဘီလ်ဘူတန်က သမ္မတ၏ ခရီးစဉ်ကို ပြောကြားခဲ့သည်။

လိုက်ပါ

ရေနံတွင်းတူးစင် ပေါက်ကွဲမှုကြောင့် ရေနံများပင်လယ်တွင်းယိုဖိတ်လျက်ရှိရာတွင် ဆယ်ယူရေးအတွက် အဖွဲ့ငယ်တစ်ဖွဲ့ သမ္မတနှင့်အတူ လိုက်ပါခဲ့သည်။

ယခင်ရက်သတ္တပတ်က လူဝီဆီယားနားကမ်းလွန်တွင် ရေနံတွင်းတူးစင်တစ်ခု ပေါက်ကွဲမှုကြောင့် အလုပ်သမား ၁၁ဦး ပျောက်ဆုံးလျက်ရှိနေပြီး သေဆုံးသည်ဟု ယူဆရကြောင်း၊ ၃၆နာရီကြာမျှ မီးလောင်မှုဖြစ်ပွားပြီးနောက် ရေနံတွင်းတူးစင်ရေထဲ နစ်မြုပ်သွားကာ တစ်နေ့လျှင် ရေနံစည်ပေါင်း ၅၀၀၀ခန့် ပန်းထွက်လျက်ရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗြိတိသျှ...

ညွှဲသည်တော် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်အား

တရုတ်သမ္မတ ဟူကျင်ထောင်း လက်ခံတွေ့ဆုံ

ရှန်ဟိုင်း မေ ၃

တရုတ်သမ္မတဟူကျင်ထောင်းသည် ရှန်ဟိုင်းမြို့တွင် ဧည့်သည်တော် ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်နှင့်မေ၁ရက်က တွေ့ဆုံကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

တရုတ်သမ္မတ ဟူကျင်ထောင်း။

တရုတ်ပြည် အနောက်မြောက်ပိုင်း ကျင်ဟိုင်းပြည်နယ်တွင် မြေလျှင်လှုပ်သည့် သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ဝမ်းနည်းကြောင်း ပြောကြားသည့်အတွက် ကျေးဇူးတင်ကြောင်း တရုတ်သမ္မတ ဟူကျင်ထောင်းက ထုတ်ဖော်ပြောကြားလိုက်သည်။

တည်ငြိမ်

ဝန်ကြီးချုပ်ဟွန်ဆန်၏ ဦးဆောင်မှုအောက်ရှိ ကမ္ဘောဒီးယားနိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံတကာဆိုင်ရာဂုဏ်သိက္ခာလည်းတက်နေသည်ကို တွေ့ရကြောင်း သမ္မတဟူက ချီးကျူးပြောကြားလိုက်သည်။

ကူညီ

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က တုံ့ပြန်ပြောကြားရာ၌ တရုတ်ပြည်က ၂၀၁၀ ကုန်စည်ပြပွဲကို အောင်မြင်စွာဖွင့်လှစ်ပြသနိုင်ခြင်းအပေါ် ကြိုဆိုကြောင်း၊ ကုန်စည်ပြပွဲ တက်ရောက်ခွင့်ရရန် ကမ္ဘောဒီးယားနိုင်ငံကို ကူညီသည့်အတွက် တရုတ်နိုင်ငံကို ကျေးဇူးတင်ပါကြောင်း ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယူရေနီယံသန့်စင်စက်ရုံသစ် တည်ဆောက်မည့်နေရာ အီရန်သမ္မတ အာမက်ဒီနီဂျက် အတည်ပြု

တီဟီရန် မေ ၃

အီရန်အမှုဆောင်အရာရှိချုပ်က ယူရေနီယံသန့်စင်ရေးစက်ရုံသစ်ဆောက်လုပ်ရန်အတွက် သဘောတူခဲ့ကြောင်း အီရန်သမ္မတ အာမက်ဒီနီဂျက်၏ ထိပ်တန်းအကြံပေးပုဂ္ဂိုလ်က ပြောကြားသည်။

သမ္မတက အဆိုပါ နျူကလီးယားစက်ရုံသစ်ဆောက်မည့်နေရာကို အတည်ပြုပေးပြီး သမ္မတအမိန့်ကျသည်နှင့် စက်ရုံသစ်ကို စတင်ဆောက်လုပ်မည်ဖြစ်သည်ဟု မာရှိမီက အီရန်သတင်းဌာနသို့ မေ၁ရက်က ပြောကြားခဲ့သည်။

အီရန်ကယူရေနီယံသန့်စင်ရေးစက်ရုံနှစ်ရုံကို ၂၀၁၁ခုနှစ် မတ်လတွင်စတင်တည်ဆောက်မည်ဟု အီရန်အဏုမြူစွမ်းအင်အဖွဲ့(အေအီးအိုအိုင်) အကြီးအကဲဆလေဟီက ဖေဖော်ဝါရီလ၌ ပြောကြားခဲ့သည်။

သုတေသန ဓာတ်ပေါင်းဖိုအတွက် ဖြည့်ဆည်းပေးမည့် မိမိတို့လိုအပ်ချက်အပေါ် အခြေခံ၍ ယူရေနီယံသန့်စင်ရေးလုပ်ငန်းကို ပြည်တွင်းတွင် စတင်ပြုလုပ်ခြင်းဖြစ်ပြီး မိမိတို့လိုအပ်ချက်မပြည့်မချင်း ယင်းလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်မည်ဟု ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ်၌ လေဆင်နှာမောင်းဆွဲငင်အားကြောင့် ပျက်စီးသွားသည့် အဆောက်အအုံကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်တောင်ပိုင်း၌ မုန်တိုင်းတိုက်ခတ် ရေကြီးသဖြင့် ၁၅ဦးသေဆုံး

ဝါရှင်တန် မေ ၃

အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ်နှင့် မစ္စစ္စပီပြည်နယ်များ၌ ယခုသီတင်းပတ်အတွင်း ရေကြီးသဖြင့် ၁၅ဦးသေဆုံးခဲ့ကြောင်း အမေရိကန်အာဏာပိုင်များက မေ၂ရက်တွင် အတည်ပြုသည်။

ကယ်ဆယ်ပေး

တင်နက်ဆီပြည်နယ်အတွင်း ရေကြီးမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူခုနစ်ဦးရှိပြီး ၎င်းတို့အနက် ငါးဦးသေဆုံးခဲ့ကြောင်း၊ နာ့ဗီလီမြို့တွင် ရေလွှမ်းခံရသောနေအိမ်အတွင်းမှ ထိခိုက်ဒဏ်ရာရရှိသူနှစ်ဦးကို မေ၂ရက်ညပိုင်းက ကယ်ဆယ်ပေးခဲ့ပြီး ရေစီးကြောင့် တိမ်းမှောက်နေသော မော်တော်ယာဉ်အတွင်းမှ လူနှစ်ဦးကိုလည်း ကယ်ဆယ်ပေးခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အရေးပေါ်

အဆိုပါပြည်နယ်တွင် ယခုသီတင်းပတ်အတွင်း မုန်တိုင်းနှင့် လေဆင်နှာမောင်းများ တိုက်ခတ်သဖြင့် အရေးပေါ်အခြေအနေ ကြေညာထားရပြီး ရေလွှမ်းမှုများ ဖြစ်ပွားလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ တစ်ဦးသေဆုံး ၅၀ဒဏ်ရာရ

မိုဆူးလ် မေ ၃

အီရတ်နိုင်ငံ နိုင်းဗက်ချ်ပြည်နယ် မိုဆူးလ်မြို့၌ မေ၂ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ၅၀ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က မေ၂ရက်တွင် သတင်းထုတ်ပြန်သည်။

ပေါက်ကွဲ

မိုဆူးလ်မြို့အရှေ့ပိုင်း ကီလိုမီတာ ၃၀ခန့်ရှိ ဟမ်ဒါနီယာဒေသတွင် တက္ကသိုလ်ကျောင်းသားများ၏ မော်တော်ယာဉ်တန်းဆိုက်ရောက်ချိန်၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သတင်းပေးတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

တိုက်ခိုက်

အီရတ်နိုင်ငံ နိုင်းဗက်ချ်ပြည်နယ်၌ ဆွန်နီဘာသာဝင်အများစုနှင့်အတူ ခရစ်ယာန် ရှီးယိုက်ဘာသာဝင်နှင့် ကာ့ဒ်လူမျိုးစုများအား အကြမ်းဖက်သမားများက မကြာခဏပစ်မှတ်ထား တိုက်ခိုက်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲရှိ ဖျော်ဖြေရေးပြခန်း၏ ညအလှမြင်ကွင်းကို မေ၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ကမ္ဘာ့ကုန်စည်ပြပွဲ၌ အင်ဒိုနီးရှားပြခန်း ပါဝင်ခင်းကျင်းပြသ

ပေကျင်း မေ ၃

တရုတ်နိုင်ငံ ၂၀၁၀ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ၌ပါဝင်ပြသသည့် အင်ဒိုနီးရှားနိုင်ငံ၏ ဝါးဖြင့်တည်ဆောက်ထားသည့်ပြခန်းမှာ စတုရန်းမီတာ၂၄၀၀ကျယ်ဝန်းကာ အမေရိကန်ဒေါ်လာ၁၀သန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားမီဒီယာများက မေ၂ရက်တွင် သတင်းထုတ်ပြန်သည်။

ပိုမိုရောက်ရှိနိုင်

အဆိုပါ ဝါးဖြင့်တည်ဆောက်ထားသည့်ပြခန်းမှာ အပူပိုင်းဒေသအမှတ်အသားအဖြစ် သရုပ်ဖော်တည်ဆောက်ထားခြင်းဖြစ်သည်ဟု သတင်း၌ဖော်ပြသည်။ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ၌ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ထိုသို့ ပါဝင်ပြသခြင်းအားဖြင့် တရုတ်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များ ၎င်းနိုင်ငံသို့ ပိုမိုရောက်ရှိနိုင်မည်ဟုမျှော်လင့်ပါကြောင်းနှင့် အင်ဒိုနီးရှား၌ နှစ်စဉ်တရုတ်ကမ္ဘာလှည့်ခရီးသည်ပေါင်း ၃၅၀၀၀၀ခန့်ရောက်ရှိသည်ဟု အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ *အမ်အင်န်အေ၊ဆင်ဟွာ*

ကမ္ဘောဒီးယား၌ မြေမြှုပ်ဗုံးပေါက်ကွဲ ငါးဦးသေဆုံး ကိုးဦးဒဏ်ရာရ

ဖနောင်ပင် မေ ၃

ကမ္ဘောဒီးယားနိုင်ငံ ပါလင်းပြည်နယ် ဆာလာကာရိုခရိုင်၌ မေ၁ရက် မွန်းလွဲပိုင်းက မော်တော်ယာဉ်တစ်စီး တင့်ကားဖျက်ဗုံးနင်းမိသဖြင့် စိုက်ပျိုးရေး အလုပ်သမား ငါးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာအစိုးရအဖွဲ့က မေ၃ရက်တွင် ထုတ်ဖော်ပြောကြားသည်။

လိုက်ပါ

ယင်းဗုံးပေါက်ကွဲမှုတွင် သုံးဦးမှာ ပွဲချင်းပြီးသေဆုံးကာ ဆေးရုံတွင် နှစ်ဦးသေဆုံးခဲ့သည်ဟုဆိုသည်။ မော်တော်ယာဉ်ပေါ်တွင် စိုက်ပျိုးရေးအလုပ် သမား၁၃ဦး လိုက်ပါလာကြောင်းသိရသည်။

ဗုံးပေါက်ကွဲစဉ် ခရီးသည်တစ်ဦးသာ ဒဏ်ရာအနည်းငယ်ရရှိပြီး ဘေးမသီရန်မခ လွတ်မြောက်ခဲ့ကြောင်း ပါလင်းပြည်နယ် မြေမြှုပ်မိုင်းရှင်းလင်းရေးအစီအစဉ်မှ ညွှန်ကြားရေးမှူး ဟော့ဆာဟာက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဖလူးဂျာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပတ်ထရိုချိုင်းနား ရေနံကုမ္ပဏီ အင်ဒိုနီးရှား၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်

ဂျကာတာ မေ ၃

တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီ ပက်ထရိုချိုင်းနားသည် အင်ဒိုနီးရှားနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းတွင် တိုးမြှင့်ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားသည်ဟု တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏ ပြောကြားချက်ကိုကိုးကား၍ ဂျကာတာပို့စ်သတင်းစာက မေ၃ရက်တွင် ဖော်ပြသည်။

ပက်ထရိုချိုင်းနားအနေဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၉၁သန်း ရင်းနှီးမြှုပ်နှံထားရာမှ၂၀၁၀ခုနှစ်အတွင်း၌ အမေရိကန်ဒေါ်လာ ၆၃၉ သန်းအထိ တိုးမြှင့်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်ဟု ပြောကြားသည်။

ထို့အပြင် အင်ဒိုနီးရှားရေနံတူးဖော်ရေးစီမံကိန်း၌ ၂၀၀၉ခုနှစ်အတွင်း တစ်နေ့လျှင် စည်ပေါင်း ၁၀၄၀၀၀တူးဖော်ရရှိခဲ့ရာမှ ၂၀၁၀ခုနှစ်အတွင်း တစ်နေ့လျှင် စည်ပေါင်း ၁၀၆၀၀၀အထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန်ရည်ရွယ်ထားသည်ဟု ပက်ထရိုချိုင်းနား ရေနံကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဘူဒီဆာတီအာဒီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

လူ့သမိုင်းတွင် မကြုံဖူးသေးသည့် မဟာစစ်ပွဲ

တိုး
ရေးသားသည်

လူ့လောကတွင် မကြုံဖူးသေးသည့် မဟာစစ်ပွဲ…။ တစ်ချိန်တည်းတွင် နိုင်ငံပေါင်းထိုမျှ အများအပြား လက်နက်စွဲကိုင်၍ ပါဝင်ဆင်နွှဲခဲ့သည့် အစဉ်အလာတစ်ကြိမ်တစ်ခါမျှမရှိသည့် မဟာစစ်ပွဲ။ ထိုမျှကျယ်ကျယ်ပြန့်ပြန့် အကျုံးဝင်သည့်စစ်ပွဲဟူ၍လည်း မတွေ့မကြုံရ၊ ကြားပင် မကြားဖူးခဲ့ပါချေ။ ထိုမျှပြိုင်ဘက်ကင်းအောင် စက်ဆုတ်ဖွယ်ကောင်းသည့် တိုက်ပွဲမျိုးလည်း မရှိခဲ့ဖူးပေ။

ခေတ်ပြိုင်ပုဂ္ဂိုလ်များမှည့်ခေါ်သတ်မှတ်သည့် ဤမဟာစစ်ပွဲမှာ ၂၀ ရာစုတွင် လူ့ပယောဂကြောင့် ဖြစ်လာရသည့် ဧရာမ ကပ်ဘေးဆိုးကြီးပင်ဖြစ်၏။

ဤမဟာစစ်ပွဲကို အသက်သွင်းပေးလိုက်သည့် ရိုးစင်းသော သက်သေခံ အထောက်အထားမှာ ဆားဘီးယား အမျိုးသားရေးဝါဒီတို့အသုံးပြုသည့် ဆုံလည်သေနတ်တစ်လက်ဖြစ်သည်ဟူ၍ သမိုင်းပညာရှင်များ အလွယ်တကူ ရွေးထုတ်ပြနိုင်သည်။ ဤဆုံလည်သေနတ်မှာ ၁၉၁၄ ခုနှစ် ဇွန်လ ၂၈ ရက်တွင် ဆာရာယေဗိုမြို့၌ ဩစတြီးယန်း၊ ဟန်ဂေရီ အိမ်ရှေ့မင်းသား ဖရန့်ဖာဒီနန်ကိုလုပ်ကြံရာတွင် ဆားဘီးယားတစ်ယူသန်သမား ဂါဗရီလိုပရင်စစ် အသုံးပြုသည့်သေနတ်ဖြစ်သည်။

ရှုထောင့်အဖုံဖုံ

သို့သော် မဟာစစ်ပွဲဖြစ်ရခြင်း၏ ထင်ရှားသော အကြောင်းရင်းများနှင့် စပ်လျဉ်း၍ ပညာရှင်များက အမြင်အမျိုးမျိုး ရှုထောင့်အဖုံဖုံမှ ငြင်းကြခုန်ကြဆဲပင် ရှိသေးသည်။

အင်ပါယာချဲ့ထွင်လို၍လော။ ဓနဥစ္စာနှင့် နယ်မြေပိုင်နက် ပိုင်စိုးလို၍လော။ အစုအပြုံလိုက် လက်နက်အပြိုင် တပ်ဆင်ခြင်းပေလော။ အင်အားကြီးနိုင်ငံ တစ်နိုင်ငံက စစ်ဆင်နွှဲသည်နှင့်တစ်ပြိုင်နက် ဥရောပနိုင်ငံအားလုံးက ချက်ချင်းလိုက်ပါ ဆောင်ရွက်စေမည့် သဘောတူစာချုပ် အထပ်ထပ်ကြောင့်ပေလော။

ဤသည်မှာ စက်မှုတော်လှန်ရေးကြောင့် ပေါ်ပေါက်လာရသည့် လူမှုရေး ဝရုန်းသုန်းကား အခြေအနေနှင့် ပြောင်းလဲလာသော အနုပညာရှင်သ ခံစားနိုင်စွမ်းပေလော။ သို့မဟုတ် အာဏာလက်ရှိ အုပ်စိုးသူများ၏ သာမန်အတွက်အချက်များယွင်းမှု တစ်ခုသာလော။ ငြင်းကြခုန်ကြဆဲပင်ဖြစ်ပါ၏။

ခေတ်ပေါ်လက်နက်များ

မည်သို့ပင်ဖြစ်စေ ခေတ်ပေါ်လက်နက်များကို ပထမဆုံး အသုံးပြုခြင်းမှာ ဤမဟာစစ်ပွဲ၌ပင်။ အရပ်သားများအပေါ် ဗုံးမိုးရွာချရက်သည်မှာလည်း ဤမဟာစစ်ပွဲသည် အစပထမ။ ဤမဟာစစ်ပွဲသည် ၂၀ရာစု၏ ပထမဆုံး လူအစုအပြုံလိုက် သတ်ဖြတ်စေသည့် ပဋိပက္ခမဟုတ်ပါလား။

မင်းသား ဖရန့်ဖာဒီနန် လုပ်ကြံခံရပြီးနောက် စစ်ရေးမဟာမိတ်တို့၏ ထုံးစံအရ ဥရောပအင်အားကြီး နိုင်ငံများသည် မဆိုင်းမတွပင် ကိုယ့်ဘက်သူ့ဘက် ရွေးချယ်ရပ်တည်ကြမည်။

မဟာမိတ်နိုင်ငံများ အထူးသဖြင့် ရုရှား၊ ပြင်သစ်နှင့်ဗြိတိန်နိုင်ငံတို့က အဓိက မဟာမိတ်အင်အားကြီးနိုင်ငံများ ဖြစ်ကြသည့် ဂျာမနီ၊ ဩစတြီးယား-ဟန်ဂေရီနှင့် တူရကီနိုင်ငံတို့ကို ဘက်ပြိုင်အန်တုကြည့်ကြသည်။ စစ်ဖြစ်နေသည့် ဥရောပနိုင်ငံများက ယင်းတို့၏ ကိုလိုနီလက်အောက်ခံများနှင့် မိတ်ဆွေနိုင်ငံများ၏ အကူအညီကို အားကိုးလာသောအခါ နောက်ဆုံးစစ်ပွဲသည် ဥရောပတိုက်ကို ကျော်လွန်ကာ ပျံ့နှံ့လာသည်။ ထိုအထဲတွင် အမေရိကန်နိုင်ငံ ပါဝင်လာတော့သည်။ ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကမ္ဘာကြီးကို လုံခြုံအောင် ထိန်းသိမ်းကြရန် အမေရိကန် သမ္မတဝုဒရိုးဝီလ်ဆင်က ပြည်သူကိုလှုံ့ဆော်လိုက်သည်။ ၁၉၁၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ မဟာစစ်ပွဲထဲ ဝင်လာသည်။

၁၉၁၄ ခုနှစ်တွင် ခေါင်းဆောင်အများအပြားသည် ၎င်းတို့ အသုံးပြုကြသည့် စစ်ယန္တရားကို တကယ်မသိကြသေး။ ထိုနှစ် ဒီဇင်ဘာခရစ္စမတ်ပွဲကာလတွင် မဟာစစ်ပွဲ ပြီးဆုံးမည်ဟု ယူဆနေကြသည်။ တကယ်တော့ ထိုနှစ်ကုန်ဆုံးသောအခါ စစ်မြေပြင်တွင် စစ်ပွဲပုံစံသစ်တစ်ခု ပေါ်ပေါက်လာသည်။ ၁၉၁၈ခုနှစ် နိုဝင်ဘာ ၁၁ရက်တွင် တရားဝင်အပစ်အခတ်ရပ်စဲကြောင်း ကြေညာသည့်အခါ စစ်မြေပြင်တွင် သေဆုံးသူ ၉ သန်းကျော်ရှိသည်။ ကမ္ဘာ့အခြေအနေသည်လည်း လုံးဝပြောင်းလဲသွားသည်။

မဟာစစ်ပွဲကာလ ကတုတ်ကျင်းများအတွင်းမှ ဗြိတိသျှတပ်ဖွဲ့ဝင်များ။
(အင်တာနက်ဓာတ်ပုံ)

တွန်းပို့နေ

မဟာစစ်ပွဲ ပေါ်ပေါက်လာအောင် အကြောင်းအရာတစ်ခုတည်းက ဖန်တီးလာခြင်းမဟုတ်သကဲ့သို့ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကြောင့်လည်း အလျှင်းမဟုတ်ပါချေ။ စစ်တိုက်နေသည့် နိုင်ငံများ၏ စစ်စည်းရုံးခြင်းသို့ တွန်းပို့နေသည့်အကြောင်းပေါင်းများစွာရှိသည်။

ဂျာမန်တပ်ဖွဲ့ဝင်များ မီးလောင်နေသည့် ရွာတစ်ရွာအနီးမှ ဖြတ်သန်းချီတက်ခဲ့ကြစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဥရောပစီးပွားရေး လျင်မြန်စွာ တိုးချဲ့လာမှုနှင့်အတူ ပြည်သူတို့က လူမှုရေးနှင့် အုပ်ချုပ်ရေး အပြောင်းအလဲများအား တောင်းဆိုလာသည်ကို တွေ့ရသည်။

ဇာဘုရင်

ဗြိတိသျှအမျိုးသမီးများ မဲပေးပိုင်ခွင့်ရရေး တက်ကြွလှုပ်ရှားသူ အမျိုးသမီးများက တောင်းဆိုတိုက်ပွဲ ဝင်လာသည်။ နိုင်ငံတစ်နိုင်ငံ၏ ကြွယ်ဝချမ်းသာမှုနှင့် အင်အားကို လူများစုအကျိုးစီးပွားအတွက် အသုံးပြုရေး တောင်းဆိုရန်အတွက် အလုပ်သမားများ သွေးစည်းညီညွတ်ကြရန်နှင့် ပြုပြင်ပြောင်းလဲရေးကို ဆိုရှယ်လစ်များက တောင်းဆိုလာသည်။ ရုရှားနိုင်ငံ၌ ဇာဘုရင်က သက်ဦးဆံပိုင်အမြင်ကိုပင် ခိုင်မာစွာ ဆုပ်ကိုင်ထားသည်။

၁၉၁၄ခုနှစ် ဇွန်၂၈ရက်တွင် ဆားဘီးယား တစ်ယူသန်သမား ဂါဗရီလိုပရင်စစ်က ဩစတြီးယား မင်းသား ဖရန့်ဖာဒီနန်ကို လုပ်ကြံလိုက်သောအခါ ဂျာမနီနိုင်ငံမှ ကိုင်ဇာဘုရင်က ဆာ့ဘ်တို့ကို ပြစ်ဒဏ်ပေးရေး ဩစတြီးယားကို ထောက်ခံသည်။ ရုရှားက ဆားဘီးယားကို ထောက်ခံရာ မဟာမိတ်ပြင်သစ်နှင့် ဗြိတိန်တို့က စစ်ထဲပါဝင်လာကြသည်။

ဂုဏ်သိက္ခာဆယ်ရန်

၁၉၁၄ခုနှစ် ဩဂုတ်လအရောက်လောက်တွင် ဥရောပပြည်သူများ အထူးသဖြင့် ဩစတြီးယား-ဟန်ဂေရီ၊ ဂျာမနီနှင့် ရုရှားစစ်ဘက်နှင့် သံတမန်ဆိုင်ရာ ခေါင်းဆောင်များက စစ်ပွဲမှာ ၎င်းတို့၏ ဂုဏ်သိက္ခာကို ဆယ်ရန်နည်းလမ်း တစ်သွယ်အဖြစ်လည်းကောင်း၊ ဖြေရှင်းရန်လိုအပ်သည့် ပြည်တွင်းနှင့် နိုင်ငံတကာ ပြဿနာများကို ဖြေရှင်းရေးအတွက်လည်းကောင်း လိုအပ်သည်ဟု ယူဆလာသည်။

၁၉၁၅ခုနှစ်တွင် အနောက်စစ်မျက်နှာတစ်လျှောက်မှ ကတုတ်ကျင်းများ၌ စစ်သည်များပြည့်လျှံနေသည်။ ရှေ့တန်းရှိ စစ်သည်များနှင့် နောက်တန်းမှ အရပ်သားများသည် ဤစစ်ပွဲတွင် ရန်သူ၏ပစ်မှတ်များအဖြစ် သဘောထားလာခြင်းမှာ စစ်ကြီး အကျယ်ချဲ့လာရန်ပင်ဖြစ်သည်။ ၁၉၁၆ ခုနှစ်တွင် လူ့သမိုင်း၌ အဆိုးရွားဆုံးသော တိုက်ပွဲများ အနောက်စစ်မျက်နှာ၌ ဖြစ်ပွားသည်။ ဗာဒန်စစ်ပွဲသည် ပြင်သစ်တပ်၏ အင်အားနှင့် ဖွဲ့ကိုပြသသည့် စစ်ပွဲ၊ တစ်နိုင်ငံလုံး၏ သွေးစည်းညီညွတ်မှုကို ပြသည့် စစ်ပွဲဖြစ်သည်။

ရည်ရွယ်ချက်

ဂျာမန်တပ်မှူး၏ ရည်ရွယ်ချက်မှာ နယ်မြေသိမ်းရန်မဟုတ်ပေ။ ရန်သူ့ဇီဝိန်ကို များများ ခြွေရန်ဖြစ်သည်။ ကိုးလကြာ တိုက်ခိုက်လိုက်သောအခါ ပြင်သစ်နှင့် ဂျာမန် ၃၀၀၀၀၀ကျော်သေပြီး ၇၅၀၀၀၀ ဒဏ်ရာရကုန်သည်။ ဗြိတိန်တို့ဘက်တွင်လည်း ပြောမထွက်နိုင်အောင် ဆိုးရွားသည့် ထိခိုက်မှုများနှင့် ကြုံရသည်။

၁၉၁၇ခုနှစ်တွင် ပြင်သစ် ကြည်းတပ်ထက်ဝက်တို့က တပ်တွင်းပုန်ကန်မှုပြုလုပ်သည်။ ရုရှားနိုင်ငံ၌လည်း ပြည်သူတစ်ရပ်လုံးက ယင်းစစ်ပွဲအပေါ် မကျေမချမ်းဖြစ်လာကြသည်။ ဇာဘုရင်အတွက်မည်သူမျှ တိုက်မပေးလို။ ဇာဘုရင်မှာလည်း ၁၉၁၇ ခုနှစ် မတ် ၁၅ရက်တွင် ထီးနန်းစွန့်ပြီး နောက်ဆုံးဘော်လ်ရှီဗစ်များ အာဏာရကာ ဂျာမနီနှင့်အပစ်အခတ် ရပ်စဲရေး စာချုပ်သည်။ ထိုနှစ်အောက်တိုဘာတွင် ဂျာမနီ ရေတပ်ပုန်ကန်မှုက ဂျာမန်စစ်ရေး ကြိုးပမ်းမှုကို အပြီးတိုင် ပြိုလဲသွားစေသည်။ ကိုင်ဇာဘုရင်လည်း နန်းစွန့်ကာ ဟော်လန်နိုင်ငံသို့ ထွက်ပြေးသည်။

ရပ်စဲ

မဟာစစ်ပွဲမှသေနတ်သံများမှာ ၁၉၁၈ခုနှစ် နိုဝင်ဘာ ၁၁ရက်တွင် ရပ်စဲသွားသည်။

ကမ္ဘာ့ပြည်သူအားလုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်။ သို့သော် ဂျာမန်အရပ်သားများအပေါ် စစ်ပွဲက မရပ်စဲသေး။ ဆက်လက်ပိတ်ဆို့ထားဆဲဖြစ်သည်။ အကျိုးဆက်အားဖြင့် အစုအပြုံလိုက် ငတ်ပြတ်သေကုန်ကြရသည်။

မဟာစစ်ပွဲကြီးပြီးဆုံးသည့်အခါ ထာဝစဉ် တည်တံ့သည့်ငြိမ်းချမ်းရေး တည်ဆောက်ခြင်းထက် စစ်ပွဲဆင်နွှဲခြင်းက ပိုမိုလွယ်ကူကြောင်း သင်ခန်းစာရရှိသည်။

ဗာဆိုင်းစာချုပ်

မင်းသားဖာဒီနန် လုပ်ကြံခံရပြီးနောက် ငါးနှစ်တိတိအကြာ ၁၉၁၉ခုနှစ် ဇွန် ၂၈ရက်တွင် ဗာဆိုင်းစာချုပ်ကို လက်မှတ်ရေးထိုးသည်။ ဤငြိမ်းချမ်းရေး စာချုပ်က တကယ့်ငြိမ်းချမ်းရေးကို မဖော်ဆောင်နိုင်ကြောင်း အလားတူ စစ်ပွဲထပ်မံဖြစ်ပွားလာသောအခါ ဤမဟာစစ်ပွဲမှာ ပထမကမ္ဘာစစ် အမှန်ပင်ဖြစ်ပေတော့သည်။ ။ **ကိုးကား-အင်တာနက်**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

သမ္မတဟူကျင်ထောင်း ရုရှားသို့ သွားရောက်မည်

တရုတ်သမ္မတ ဟူကျင်ထောင်းသည် ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်၏ဖိတ်ခေါ်ချက်အရ ဧည့်သည်တော်အဖြစ် မဟာမျိုးချစ်စစ်ပွဲ (၁၉၄၁-၁၉၄၅) အောင်နိုင်ခြင်းအထိမ်းအမှတ် (၆၅) ကြိမ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့တက်ရောက်ရန် မေ ၈ ရက်မှ ၉ ရက်အထိ မော်စကိုသို့ သွားရောက်မည်ဖြစ်သည်။

သေပြီဆိုသော တာလီဘန်ခေါင်းဆောင် ပြန်ပေါ်လာ

ဇန်နဝါရီလအတွင်းက အမေရိကန်မောင်းသူမဲ့လေယာဉ် ပစ်ခတ်တိုက်ခိုက်ရာ၌ သေဆုံးသွားပြီဆိုသော ပါကစ္စတန်တာလီဘန်ခေါင်းဆောင် ဟာကီမူလာမဆွတ်သည် မကြာမီက ဗီဒီယိုတိပ်ခွေတွင် ပြန်ပေါ်လာပြီး အမေရိကန်အား တိုက်ခိုက်မည်ဟု ခြိမ်းခြောက်လိုက်ကြောင်း အကြမ်းဖက်အုပ်စုက မေ ၃ရက်၌ ကြေညာသည်။

ဩစတြေးလျသို့ လက်နက်ခိုးသွင်းမှု များပြားလာ

ဩစတြေးလျနိုင်ငံအတွင်းသို့ ပြီးခဲ့သည့်နှစ်က တရားမဝင်လက်နက်များ လေကြောင်း၊ ရေကြောင်းတို့မှ ခိုးသွင်းမှု ယခင်နှစ်ကထက် ၁၁ရာခိုင်နှုန်းပိုကာ တရားမဝင်လက်နက်ပေါင်း ၁၆၀၀၀ကျော် တွေ့ရှိသိမ်းဆည်းလိုက်ရသည်ဟု ဩစတြေးလျအကောက်ခွန်ဌာနက မေ ၃ရက်တွင် ကြေညာသည်။

တရားမဝင် ဝင်ရောက်လာသူ ၇၅ဦး အင်ဒိုရဲဖမ်းဆီး

ဩစတြေးလျနိုင်ငံသို့ ခိုးဝင်ရန်အသွား လမ်းခုလတ်တွင် အာဖဂန်နစ္စတန်နှင့်အီရန်နိုင်ငံသား ၇၅ဦးအား အင်ဒိုနီးရှားရဲတပ်ဖွဲ့က မေ ၁ရက်တွင်ဖမ်းဆီးလိုက်သည်။ တရားမဝင် ဝင်ရောက်လာသူများတွင် အမျိုးသား၆၈ဦး၊ အမျိုးသမီးလေးဦးနှင့် ကလေးသုံးဦးပါဝင်သည်။

တောင်ကိုရီးယားကားများ ပြေီလ၌ ပိုရောင်းရ

ပြည်တွင်းနှင့် ပြည်ပ မော်တော်ကားဈေးကွက်တို့တွင် ဝယ်လိုအားလိုက်လာသည့်အတွက် တောင်ကိုရီးယားနိုင်ငံမှ ဟွန်ဒိုင်းမော်တော်ကားကုမ္ပဏီနှင့် ဆီယာမော်တော်ကားကော်ပိုရေးရှင်းတို့အနေဖြင့် ဧပြီလ၌ လွန်ခဲ့သည့်တစ်နှစ်ကထက် ၂၇ဒသမ ၆ရာခိုင်နှုန်း ပိုရောင်းရကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ထုတ်ပြန်ကြေညာသည်။ *(အပေါ်ပုံ)*

နျူကလီးယားလက်နက်ကင်းဝေးရေး ကြွေးကြော်

အင်အား ၁၀၀၀၀ရှိသော ငြိမ်းချမ်းရေးဆန္ဒပြသမားများက နယူးယောက်မြို့တွင် မေ ၂ရက်က မြို့တော်လမ်းမကြီးများကိုဖြတ်ကာ ကုလသမဂ္ဂဌာနချုပ်ရှိရာသို့ ချီတက်လာကြပြီး နျူကလီးယားလက်နက်ကင်းဝေးသည့် ကမ္ဘာကြီးဖြစ်ရေး ကြွေးကြော်ကြကြောင်း သိရသည်။

အာဖဂန်အရှေ့ပိုင်းပြည်နယ်၌ ပေါက်ကွဲမှုဖြစ်ပွား

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းခို့စ်ပြည်နယ်မြို့တော် ခို့စ်မြို့၏အရှေ့တောင်ပိုင်းတွင် မေ ၃ရက် နံနက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ ထိခိုက်မှုများရှိမည်ဟု စိုးရိမ်ရကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ကမ္ဘောဒီးယား၌ ငွေကြေးဖောင်းပွမှုဖြစ်

ကမ္ဘောဒီးယားနိုင်ငံ၌ လွန်ခဲ့သည့် ၁၂ လအတွင်း ရေနံဈေးနှုန်းများ ၃၈ ဒသမ ၅ ရာခိုင်နှုန်းတက်စဉ် ငွေကြေးဖောင်းပွမှုနှုန်းမှာ မတ်လအတွင်းက ၇ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း ကမ္ဘောဒီးယားသတင်းစာများက မေ ၃ရက်၌ ဖော်ပြသည်။

မက္ကဆီကို၌ အကြမ်းဖက်မှုများကြောင့် ၂၂ ဦးသေဆုံး

မက္ကဆီကိုနိုင်ငံမြောက်ပိုင်းဒေသများတွင် မေ ၂ရက်က အကြမ်းဖက်မှုများဖြစ်ပွားမှုကြောင့် လူပေါင်း ၂၂ဦးသေဆုံးကြောင်း မက္ကဆီကို ဒေသန္တရအုပ်ချုပ်ရေး အာဏာပိုင်များက ပြောကြားသည်။ ။ **(အင်တာနက်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သာအေး ကျောက်ပန်းတောင်းမြို့နယ် ကိုင်းကျေးရွာ၌ ဒေသခံတောင်သူများ၏ နွေစပါး စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ လမ်းပိုင်းအခြေအနေများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၉ရက် မွန်းလွဲပိုင်းက မိတ္ထီလာ-ကျောက်ပန်းတောင်း လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောက်ပန်းတောင်းမြို့နယ် ကိုင်းကျေးရွာ ဒေသခံ တောင်သူများ၏ နွေစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဒေသခံတောင်သူများအား တွေ့ဆုံ၍ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့ လိုက်ပါလျက် ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ လမ်းပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆိပ်ဖြူဘူတာ၌ ဘူတာတည်ဆောက်ထားရှိမှုနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

နွေစပါးစိုက်ခင်း

ဆက်လက်၍ လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆိပ်ဖြူမြို့နယ် ပေတောကျေးရွာ၌ ဒေသခံတောင်သူတစ်ဦး စိုက်ပျိုးထားသည့် နွေစပါး စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ပုသိမ်-မုံရွာ လမ်းပိုင်း၏ ကဇွန်းမလမ်းဆုံရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ လမ်းတည်ဆောက်ရေးအထူးအဖွဲ့ (၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများက လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တံတားများပြုပြင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးက ဝန်ကြီးဌာန၏ လုပ်ငန်းရည်မှန်းချက် တာဝန်များအပေါ် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ လမ်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဆိပ်ဖြူ-ဆော-ကန်ပက်လက် လမ်းပိုင်း မိုင်တိုင်အမှတ် (၄၉/၀)ရှိ သစ်သားမြေထိန်းနံရံများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၃၀ရက် နံနက်ပိုင်းက ဆောမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စေတုတ္တရာမြို့နယ် ကံတိုင်ကျေးရွာ၌ ကျေးရွာပြည်သူများနှင့်တွေ့ဆုံကာ ကျေးရွာ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ထိုမှတစ်ဆင့် စေတုတ္တရာမြို့နယ် ရေသောင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ရေသောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများ၊ ပညာရေးဝန်ထမ်းများအား တွေ့ဆုံပြီး ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် စေတုတ္တရာမြို့နယ် မြောင်းဦးကြိုးဝိုင်း ကျွန်းစိုက်ခင်းနေရာကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

မှန်းချောင်းရေလှောင်တမံ

ထိုမှတစ်ဆင့် မုန်းချောင်းရေလှောင်တမံသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆည်အတွင်း ရေဝင်ရောက်မှု၊ နှစ်အလိုက် နွေစပါး၊ မိုးစပါးစိုက်ပျိုးနိုင်မှုနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားကာ ဆည်အတွင်း ရေဝင်ရောက်မှု၊ မုန်းချောင်း ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထိန်းချုပ်ခန်းနှင့် စက်ရုံအတွင်း ဓာတ်အားပေးစက်များ လည်ပတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

နှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် စေတုတ္တရာမြို့နယ် အမှတ် (၁) ရပ်ကွက်၌ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ စေတုတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၌ ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းမှူးက ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေများကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ဆေးဝါးပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

အားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက် လူနာများအား လိုက်လံနှုတ်ဆက်ကာ အားပေးစကား ပြောကြားသည်။

ထို့နောက် စေတုတ္တရာမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး စေတုတ္တရာ-ငဖဲ လမ်းပေါ်ရှိ ကူးတောင်နှင့် ဒုန်ချောင်းကျေးရွာတို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ငဖဲမြို့နယ် ပင်ဦးကျေးရွာ အမှတ်(၃) အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တာဝန်ရှိသူများက ငဖဲဆေးရုံနှင့် ပင်ဦးကျေးလက်ကျန်းမာရေးဌာနအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်ကြသည်။

(သတင်းစဉ်)

ချင်းရွှေဟော်မြို့နယ်၌ ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲ ကျင်းပ

ချင်းရွှေဟော် မေ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) ချင်းရွှေဟော်မြို့နယ် ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် (ကဆုန်လပြည့်နေ့) နံနက် ၉နာရီက တရုတ်-မြန်မာ နယ်စပ်တံတား၌ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးသန်းထိုက်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းနိုင်တို့ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက တီလားပီးယား ငါးကောင်ရေ တစ်သောင်းတစ်ထောင်ကို နမ့်ဖာဟော်ချောင်းအတွင်းသို့ ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးကြသည်။

(မြို့နယ် ပြန်/ ဆက်)

● *ကျော်ဖုံးမှ*

ဆီးကျိတ်ကင်ဆာထိုးဆေး



ဆီးကျိတ်ကင်ဆာရောဂါဝေဒနာရှင်များအား ကုသပေးရန်အတွက် အစွမ်းထက်သောထိုးဆေးတစ်မျိုးကို အမေရိကန်ဆေးဝါးကြီးကြပ်ရေးအဖွဲ့က အသုံးပြုရန် သဘောတူခွင့်ပြုလိုက်ပြီဖြစ်သည်။

သဘောတူ

ပရိုဗင့်ဟု အမည်ပေးထားသော ဆီးကျိတ်ရောဂါထိုးဆေးသည် အမျိုးသားများအတွက် အသုံးပြုရန်သင့်ကြောင်း၊ ယင်းထိုးဆေးအမျိုးအစားကို အမေရိကန်ဆေးဝါးကြီးကြပ်ရေးအဖွဲ့က ပထမဆုံး အသုံးပြုရန် သဘောတူခဲ့ခြင်းဖြစ်သည်။

ယင်းဆေးဝါးအသုံးပြု၍ လူနာတစ်ဦး ကုသရန် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၉၃၀၀၀ ရှိ၍ အလွန်ဈေးကြီးနေသည်။ *ကိုးကား-အင်တာနက်*

ကျောက်ကြီးမြို့နယ်၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ယာခြေချင်းဝတ်အောက်ပြတ် ဒဏ်ရာရရှိ

နေပြည်တော် မေ ၃

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ဇောတိကျေးရွာ အရှေ့ဘက် ငါးမိုင်ခန့် အကွာရှိ ကောင်းကျော်ချောင်းဘေး၌ မေ ၁ရက် နံနက် ၁၁နာရီကျော်ခန့်တွင် ဇောတိကျေးရွာနေ မျိုးမင်းထွန်းသည် ဝါးခုတ်ရန်သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိခဲ့သဖြင့် ယာခြေချင်းဝတ် အောက်ပြတ်ဒဏ်ရာနှင့် ဝဲခြေဖဝါး မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း၊ မျိုးမင်းထွန်းအား ကျောက်ကြီးမြို့နယ်ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခြင်ဆေးခွေသုံးလျှင် သတိယုဉ် အောက်တွင်ခံခွက် မမေ့နှင့်

မြန်မာနိုင်ငံသစ်တောကျောင်း (၁၀၅)ကြိမ်မြောက် ကျောင်းဆင်းပွဲကျင်းပ

နေပြည်တော် မေ ၃

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန မြန်မာနိုင်ငံသစ်တောကျောင်း (၁၀၅)ကြိမ်မြောက် ကျောင်းဆင်းပွဲ စစ်ရေးပြအခမ်းအနားကို မေ ၃ရက် နံနက်တွင် ပြင်ဦးလွင်မြို့ မြေတိုင်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ ပြင်ဦးလွင်တပ်နယ်မှ ဗိုလ်မှူးချုပ်ဇေယျာအောင်၊ သစ်တောရေးရာဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသားများ၏ မိသားစုများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သင်တန်းဆင်းတပ်ခွဲများက ဝန်ကြီးအားအလေးပြုကြပြီး ဝန်ကြီး ဦးသိန်းအောင်က ဘက်စုံထူးချွန်ဆုရ၊ ဘက်စုံ ဒုတိယထူးချွန်ဆုနှင့် အားကစားထူးချွန်ဆုရ ကျောင်းသားများနှင့် စစ်ရေးပြအကောင်းဆုံး တပ်ခွဲဆုရ တပ်ခွဲတို့အား ဆုများပေးအပ်ချီးမြှင့်ကာ သင်တန်းဆင်းအမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ကျောင်းဆင်းအောင်လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံသစ်တောကျောင်း ကျွန်းရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ကြီး ဦးသိန်းအောင်က အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဝင်း၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်ဦး၊ သစ်တောသယံဇာတ ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးအသင်းမှ အလုပ်အမှုဆောင် ဦးသန်းနွယ်တို့က ထူးချွန်ဆုရ ကျောင်းသားများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဘက်စုံအတော်ဆုံး ကျောင်းသားဆုနှင့် ဒုတိယဘက်စုံအတော်ဆုံး ကျောင်းသားဆုရရှိသော သင်တန်းသားနှစ်ဦးအား ရွှေသပြေကုမ္ပဏီမှ ရွှေသားဆုများကိုလည်းကောင်း၊ တင်ဝင်းထွန်းကုမ္ပဏီမှ ငွေသားဆုများကိုလည်းကောင်း အသီးသီးချီးမြှင့်ပေးအပ်ကြပြီး မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးကိုကိုအေးက မြန်မာနိုင်ငံသစ်တောကျောင်းအတွက် ငွေပဒေသာပင် ငွေကျပ်၁၀သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းအုပ်ကြီးက ကျောင်းဆင်းကျောင်းသားများအား ကျောင်းဆင်းလက်မှတ်များကိုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း စစ်ကိုင်းမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စစ်ကိုင်းမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်း ကြည့်ရှုစစ်ဆေး

ရုပ်/သံ ထုတ်လွှင့်မှုများ ပြတ်တောက်မှုမရှိစေရေး မှာကြား

နေပြည်တော် မေ ၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် မေ ၂ရက်က စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ထပ်ဆင့်ထုတ်လွှင့်နေမှုအခြေအနေ၊ FM ရေဒီယိုစက်ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် ထုတ်လွှင့်နေမှု အခြေအနေများ၊ FM ရေဒီယိုစက်ပစ္စည်းများ ထပ်မံတိုးချဲ့တပ်ဆင်နိုင်မည့် အခြေအနေနှင့် လိုအပ်ချက်များ၊ စက်ပစ္စည်းများ နေရာချထားမှုနှင့် လျှပ်စစ်မီးကြိုးများ သွယ်တန်းဆက်သွယ်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရုပ်/သံထုတ်လွှင့်မှုများ ပြတ်တောက်မှုမရှိစေရေးအတွက် စနစ်တကျ တာဝန်ခွဲဝေချထားဆောင်ရွက်ရေး၊ လျှပ်စစ်မီးအန္တရာယ်ကင်းရှင်းရေးအတွက် စနစ်တကျ စစ်ဆေးဆောင်ရွက်ထားရှိရေး၊ စက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ကြံ့ခိုင်မှုနှင့် စက်ရုံအဆောက်အအုံကြံ့ခိုင်ထိန်းသိမ်းရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

အလေးထားဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် ရုပ်/သံလွှင့်တာဝါတိုင်နှင့် ဂြိုဟ်တုဆက်သွယ်ရေးစလောင်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝါတိုင်ကြံ့ခိုင်ရေး စစ်ဆေးဆောင်ရွက်ရန်၊ လျှပ်စစ်မီးကြိုးလိုင်းများတစ်လျှောက် သစ်ကိုင်းများရှင်းလင်းရန်၊ စက်ရုံစည်းရိုးပတ်လည် မီးတားများဆောင်ရွက်ထားရှိရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးတို့ကို အလေးထား ဂရုပြုဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၄-၅-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	မြတ်နိုးကြစေအမျိုးသားအမွေ
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၂၅	၈။	မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၅း၃၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၂။	လျှပ်တစ်ပြက်
၆း၃၀	၁၃။	အောင်မြင်ခြင်းလမ်းမ
၆း၄၀	၁၄။	အကြင်နာလက်တစ်စုံ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၂၄)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မွေးမြူသုတ
	၂၁။	ဟာသရုပ်စုံ ဒေါင်းယောင်ဆောင်သောကျီး
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘည်းတွင်မည့် ချင်သူ့ရဲကောင်း** (အပိုင်း-၁၇)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၃

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို မေ ၂ရက် နံနက် ၉နာရီက ရန်ကုန်မြို့ရှိ ဒူးဆစ်အင်းလျားလိတ်ဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း တည်ထောင်သူ အကြံပေးပုဂ္ဂိုလ် အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အတွင်းရေးမှူး ဒေါ်လှဝတီက ၂၀၀၉-၂၀၁၀ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးအကြံပေး ဒေါ်ခင်ဌေးယုက နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို လည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၏ (၁၅) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတွင် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူး ဒေါ်လှဝတီ အစီရင်ခံစာဖတ်ကြားစဉ်။
(အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း)

ထို့နောက် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင်များက အသက်(၇၀)နှင့် အထက်ပုဂ္ဂိုလ်ခုနစ်ဦးတို့အား ဂါရဝပြုပစ္စည်းများကို ပေးအပ်လှူဒါန်းကြပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီက ကျေးဇူးတင်စကားပြောကြားသည်။

ခင်းကျင်းပြသ

ညပိုင်းတွင် အဆိုပါဟိုတယ်ရှိ မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲ ကျင်းပပြီး အသင်းဝင်များ၏ ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွေရာသီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းဖွင့်

ဖြူး မေ ၃

ပဲခူးတိုင်း ဖြူးမြို့နယ် ဖြူးမြို့ပညာရေး မြှင့်တင်မှုကော်မတီက ကြီးမှူးကျင်းပသည့် နွေရာသီကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်း (၁/၂၀၁၀) သင်တန်းဖွင့်ပွဲကို ဧပြီ ၂၂ရက် နံနက် ၁၀နာရီက ဖြူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အေးချမ်းသာယာဆောင်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဖြူးမြို့ပညာရေး မြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဦးတင့်အောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းမောင်နှင့် မြို့နယ်ပညာရေးမှူးနှင့် ထက်/လယ် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ သင်တန်းကြီးကြပ်သူများနှင့် သင်တန်းနည်းပြတောင်ငူတက္ကသိုလ်မှ နည်းပြဆရာ ဆရာမများ၊ မြို့ခံကွန်ပျူတာ နည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၁၂၀တို့ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးဦးဝင်းမောင်နှင့် ဖြူးမြို့ပညာရေး မြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဦးတင့်အောင်တို့က အမှာစကားပြောကြားကြပြီး သင်တန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးကြည်စိုး**(အောက်ပုံ)**က သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ **(၀၅၁)**

စာအုပ်စာပေ လှူမိတ်ဆွေ

မူဆယ်မြို့နယ်၌ လူကုန်ကူးခံရသူ အမျိုးသမီးငယ်တစ်ဦးအား အချိန်မီ ကယ်တင်နိုင်ခဲ့

နေပြည်တော် မေ ၃

မူဆယ်မြို့နယ် နမ့်အွန်ကျေးရွာနေ လူကုန်ကူးခံရသူ (၁၄)နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးအား ဧပြီ ၂၉ရက်က အချိန်မီ ကယ်တင်နိုင်ခဲ့ကြောင်း သိရှိရသည်။

လွှဲပြောင်းပေး

မြစ်ကြီးနားမြို့နေ ဒေါ်မာထန်နှင့် တူမဖြစ်သူတို့သည် ဧပြီ ၂၅ရက် ညနေပိုင်းက နမ့်အွန်ကျေးရွာသို့ရောက်ရှိပြီး မြစ်ကြီးနားမြို့ရှိ အိမ်တစ်အိမ်၌ တစ်လ ငွေကျပ် ၂၅၀၀၀ ဖြင့် အိမ်ဖော်အလုပ်ရမည်၊ အဝတ်အစားဆင်ပေးမည်ဟု စည်းရုံး၍ ယင်းအမျိုးသမီးငယ်အား မူဆယ်သို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ မူဆယ်တွင် တစ်ညအိပ်၍ နန်းတော်ပေါက်အနီးသို့ ခေါ်ဆောင်ကာ အလုပြင်ဆိုင်တစ်ဆိုင်အနီးတွင် စောင့်နေသည့် ဒေါ်မာထန်၏ညီမ မခေါင်နန်းထံ လွှဲပြောင်းပေးခဲ့ရာ တာဝန်ရှိသူများက မခေါင်နန်းထံမှ အမျိုးသမီးငယ်အား ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း၊ ယင်းအမျိုးသမီးငယ်အား တစ်ဖက်နိုင်ငံသို့ မရောင်းစားမီ ယခုကဲ့သို့ ကယ်ဆယ်နိုင်ခဲ့ခြင်းမှာ အလွန်ကံကောင်းကြောင်း၊ အမျိုးသမီးငယ်များအား လူကုန်ကူးသူများ၏ စည်းရုံးမှုကို မခံရစေရေးအတွက် မိဘအုပ်ထိန်းသူများက ပညာပေးဆွေးနွေးခြင်းများ ပြုလုပ်သင့်ကြောင်း တာဝန်ရှိသူတစ်ဦးက သတင်းဌာနသို့ ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ

၃-၅-၂၀၁၀

မုံရွာမြို့	၄၄ ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့	၄၄ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၄ ဒီဂရီစင်တီဂရိတ်
နေပြည်တော်ပျဉ်းမနား	၄၃ဒီဂရီစင်တီဂရိတ်
ချောက်မြို့	၄၃ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၃ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၃ ဒီဂရီစင်တီဂရိတ်
စစ်ကိုင်းမြို့	၄၃ ဒီဂရီစင်တီဂရိတ်

နေပြည်တော်တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

နေပြည်တော် မေ ၃

နေပြည်တော်တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာ၌ မေ ၁ရက် နံနက် ၂နာရီခွဲခန့်တွင် မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် အိမ်ခြေ ၁၄၄ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ယာယီမီးဘေးကယ်ဆယ်ရေးစခန်းအဖြစ် ကျေးရွာဘုန်းတော်ကြီးကျောင်း၌ နေရာချထားပေးခဲ့ပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

*** ရှေ့ဖုံးမှ**

မြို့အဝင် ကားလမ်းနံဘေးတွင် ''လှိုက်လှဲစွာကြိုဆိုပါ၏ မြိုင်မြို့'' ကျောက်စာတိုင်ဆိုင်းဘုတ်ကို သစ်ပင်ပန်းအလှများ ဝန်းရံလျက် သေသပ်လှပစွာ စိုက်ထူထားသည်ကို မြင်တွေ့ရသည်။ ညီညာဖြောင့်ဖြူးသော မြို့အဝင် ကတ္တရာကားလမ်းဘေး တစ်ဖက်စီမှ စိမ်းစိမ်းစိုစို သစ်ပင်များကလည်း မြိုင်မြို့၏ အေးချမ်းတည်ငြိမ်မှုကို ဖော်ကျူး ပြသနေသယောင်....။ ကြိုတင်ချိန်းဆိုထားသဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်နှင့် ဒုတိယဦးစီးမှူး ဦးမြင့်စိန်တို့က မြို့အဝင်မှာပင် လာရောက်ကြိုဆိုပြီး မြို့နယ်ရုံးခန်းမသို့ ခေါ်ဆောင်ကာ မြိုင်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံကို လိုက်လံပြသ ရှင်းလင်းပြောကြားခဲ့သည်။

ရာတွင် ''မြိုင်မြို့က လမ်းအတော်များများဟာ ကိုယ့်အားကိုယ်ကိုးပြီး လုပ်ဆောင်ကြတဲ့လမ်းတွေပါ။ မြေသားလမ်းဖောက်တယ်၊ မြေနီကျောက်စရစ်လမ်းခင်းတယ်။ ၂၀၀၈-၂၀၀၉ ခုနှစ်မှာတင် ကျေးလက်လမ်း ခြောက်လမ်းကို ငွေကျပ်၂၁၉၉သိန်း အကုန်အကျခံပြီး လမ်းအရှည် မိုင် ၃၀ကျော်ကို ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ခဲ့ပါတယ်။ ကျေးလက်သောက်သုံးရေရရှိရေး ဆောင်ရွက်ရာမှာလည်း ၂၀၀၁ခုနှစ်မှ ၂၀၁၀ခုနှစ် ၁၀နှစ်တာကာလအတွင်း လုပ်ငန်းပေါင်း ၆၈ခုအတွက် စည်ပင်သာယာအဖွဲ့ရန်ပုံငွေကျပ် ၁၃၃၃သိန်းနဲ့ ပြည်သူထည့်ဝင်ငွေကျပ် ၉၆၄သိန်း စုစုပေါင်းငွေကျပ် ၂၂၉၇သိန်းနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သောက်ရေကန်အသစ်တူးဖော်ခြင်းတွေ ပါဝင်ပါတယ်။ ပညာရည်တိုးတက်မြင့်မားရေးအတွက် ကျောင်းအဆောက်အအုံအသစ်များ ဆောက်

''မြိုင်မြို့ရဲ့ထူးခြားချက်က မြို့ရောကျေးရွာတွေပါ ကိုယ့်အားကိုယ်ကိုးပြီး လုပ်ဆောင်ကြတာတွေပါပဲ''

ဦးခင်ကြည်(ဥက္ကဋ္ဌ)
မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

ကျေးရွာပေါင်း ၃၃၀တွင်လည်း လေးလက်မစက်ရေတွင်းများကို စည်ပင်သာယာမှ တူးဖော်ပေးသလို ကျေးရွာပြည်သူများက ကိုယ့်အားကိုယ်ကိုး တူးဖော်ကြသည်များ ရှိပါကြောင်း၊ ရေတွင်းမရှိသော ကျေးရွာများတွင် မိုးရေလှောင်ကန်များ တည်ဆောက်ပေးထားကြောင်း၊ ၂၀၀၆ခုနှစ် ခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ဆောင်ရွက်ခဲ့ပြီးဖြစ်၍ မြို့ပြ၊ ကျေးလက် သောက်သုံးရေအခက်အခဲမရှိပါကြောင်း''ဟု ရှင်းပြသည်။

ဆက်သွယ်ရေး

ဆက်သွယ်ရေးကဏ္ဍတွင် ''ယခင်က မဂ္ဂနက်တို လက်လှည့် တယ်လီဖုန်းသုံးစွဲရာမှ ယခုအခါ ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်း ၆၇၈လုံး၊ CDMA 450 MHz မိုဘိုင်းလ်ဖုန်း အလုံး ၅၀၀ နှင့် အများပြည်သူသုံး Public Access Center (PAC) အင်တာနက် ဖွင့်လှစ်ထားရှိပြီးဖြစ်၍ ပြည်တွင်းသာမက ပြည်ပတိုင်အောင် ဆက်သွယ်မှု လွယ်ကူတိုးတက်လျက်ရှိပြီဖြစ်ကြောင်း'' အော်တိုအိတ်ချိန်းတာဝန်ခံ ဦးဝင်းမြင့်အောင်က ရှင်းပြသည်။

ဂေါင်းကွဲကျေးရွာမှ မြိုင်မြို့နှင့် ထူးမကျေးရွာဆက်သွယ်လမ်း ၄ မိုင်အရှည်နှင့် ထူးမလမ်းခွဲမှ သနပ်ရင်းကျေးရွာအထိ ၁၅မိုင် ၂ဖာလုံ အရှည်ကို မြေနီကျောက်စရစ်လမ်းအဖြစ် ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်နေဆဲဖြစ်ကြောင်း'' ကိုယ့်အားကိုယ်ကိုး လမ်းဖောက်လုပ်ခြင်းကို ရှင်းပြသည်။

ကျန်းမာရေး

ကျန်းမာရေးကဏ္ဍတွင် ယခင် (၁၆)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကို ၂၀၀၉ ခုနှစ်က (၂၅)ခုတင်ဆံ့အဖြစ် တိုးချဲ့ပြီး ဇဟင်းကျေးရွာနှင့် လက်ယက်မကျေးရွာတို့တွင် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှစ်ရုံကို တည်ဆောက်ပေးခဲ့သည်။ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိနေချိန်မှာပင် မြိုင်မြို့နယ်အတွင်းရှိ အတွင်းတိမ် မျက်စိဝေဒနာရှင် ၁၆၈ဦးအား အခမဲ့ ခွဲစိတ်ကုသပေးပြီး ပြသလူနာ ၁၇၈၉ဦးအား ပြည်ပ ဆေးပညာရှင်နှစ်ဦး၊ ပြည်တွင်း ဆေးပညာရှင် ခြောက်ဦးနှင့် မျက်စိအထူးကုဆရာဝန်ကြီးများက ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်မှ ၂၁ရက်အထိ အခမဲ့စမ်းသပ်ကုသပေးခဲ့သည်။ ဖေဖော်ဝါရီ ၁၇ရက်က နံ့သာမြိုင်ခန်းမ၌ မြိုင်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ် ခွဲစိတ်မှု အလင်းအောင်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

မြိုင်မြို့အဝင် ကျောက်စာတိုင် ဆိုင်းဘုတ်နှင့် မြေယာရှုခင်းအလှကို ဖြောင့်ဖြူးညီညာသော မြို့လယ်ကတ္တရာလမ်းမကြီးနှင့် ဤသို့ တွေ့ရစဉ်။



မြိုင်မြို့တွင် လမ်းများကိုလည်း တိုးချဲ့ပြုပြင်ခင်းနေသည်ကို တွေ့ရသည်။

ပြန်လည်ပြုပြင် တည်ဆောက်ထားသော မြိုင်မြို့နယ်၏ နံ့သာမြိုင် ခန်းမ အဆောက်အအုံကလည်း သပ်ရပ်ခံ့ညားစွာ ဤသို့ တွေ့ရသည်။

အကျယ်အဝန်း

မြိုင်မြို့သည် ပင်လယ်ရေပြင်အမြင့် ၈၈၆ပေတွင်ရှိသည်။ အရှေ့ဘက်တွင် ရေစကြိုမြို့နယ်၊ အနောက်ဘက်တွင် ပေါက်မြို့နယ်၊ တောင်ဘက်တွင် ပခုက္ကူမြို့နယ်နှင့် မြောက်ဘက်တွင် စစ်ကိုင်းတိုင်း ပုလဲမြို့နယ်တို့ ထိစပ်တည်ရှိလျက်ရှိသဖြင့် မြိုင်မြို့သည် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း တိုင်းချင်းဆက်လမ်းပေါ်တွင် တည်ရှိနေခြင်းဖြစ်သည်။ မြိုင်မြို့မှ အရှေ့၊ အနောက်၊ တောင်၊ မြောက် မြန်မာပြည်အနှံ့အပြား အလွယ်တကူ ဆက်သွယ်သွားလာနိုင်သည်။အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၇၈၅မိုင်ကျယ်ဝန်းသည်။ ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၈၁အုပ်စုနှင့် ကျေးရွာ ၃၃၀ဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ မြို့နှင့် ကျေးရွာနေ လူဦးရေ ၃၅၄၀၀၀ခန့်ရှိသည်။

ကိုယ့်အားကိုယ်ကိုး

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကို လိုက်လံပြသ၍ ရှင်းလင်းပြောကြား

လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာမှာလည်း ၁၀နှစ်တာကာလအတွင်း အစိုးရကျောင်းပေါင်း ၉၈ကျောင်းကို ဌာနရန်ပုံငွေကျပ် ၆၀၅သိန်း၊ ပြည်သူများထည့်ဝင်ငွေကျပ် ၃၄၉၈သိန်း စုစုပေါင်းငွေကျပ် ၄၁၀၃သိန်းနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လယ်ယာမြေများ စိုက်ပျိုးရေ ရရှိစေရန်အတွက် မြေအောက်ရေရရှိဖို့ ကိုယ့်အားကိုယ်ကိုး ရေတွင်းတွေတူး၊ ရေလျှံတွင်းတွေ ပေါ်ထွက်အောင် ဆောင်ရွက်ခဲ့ကြပါတယ်။ ပန်းစွာ၊ လှည်းခုတ်၊ လင်းကတော၊ ချောင်းဆုံကျေးရွာများမှာ ဖြစ်ပါတယ်။ ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက်လည်း ကိုယ့်အားကိုယ်ကိုးပြီး တိုင်တွေထောင်၊ လျှပ်စစ်ကြိုးတွေသွယ်တန်းပြီး လုပ်ဆောင်ကြပါတယ်။ ဒါဟာ နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းပံ့ပိုးပေးတာပဲ ဖြစ်ပါတယ်''ဟု ဒေသခံပြည်သူများက မိမိတို့၏ မြို့နယ်၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း လုပ်ဆောင်ကြပုံကို ရှင်းပြသည်။

ဖောက်လုပ်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးစိုးမော်က ''၁၉၈၈ခုနှစ်မတိုင်မီက မြိုင်မြို့နယ်တွင် လမ်းနှစ်လမ်းသာ ဖောက်လုပ်နိုင်ခဲ့ပြီး ယခုအခါ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ နောက်ထပ်လမ်းသစ်သုံးလမ်း တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ ပခုက္ကူ-မြိုင်လမ်း ၁၅မိုင် ၂ဖာလုံကို ကတ္တရာလမ်း၊ ပခုက္ကူ-မုံရွာလမ်း ၁၁မိုင် ၅ဖာလုံကို ကတ္တရာလမ်း၊ မြိုင်-ဇဟင်း-ခင်အေး ၂၇မိုင် ၅ဖာလုံ ခရိုင်ချင်းဆက်လမ်းကို ရာသီမရွေးသွား၍ရသော ကျောက်လမ်း၊ မြေလမ်းအဖြစ် ဖောက်လုပ်ခဲ့ကြောင်း၊ ပုသိမ်-မုံရွာလမ်း မြိုင်မြို့နယ်အပိုင် ၃၃မိုင် ၂ဖာလုံကို ဖောက်လုပ်နေဆဲဖြစ်ပါကြောင်း''ဖြင့် လမ်းများ တိုးတက်ဖောက်လုပ်နိုင်မှုကို ရှင်းပြ ပြောဆိုသည်။

သောက်သုံးရေ

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးမြင့်ဟန်က ''မြို့ရေပေးရေး လုပ်ငန်းအနေဖြင့် ခြောက်လက်မ စက်ရေတွင်း လေးတွင်း၊ ဂါလန်(၁၀၀၀၀)ဆံ့ အုတ် ရေစုကန်၊ ဂါလန်(၇၉၀၀)ဆံ့ ရေစင်တို့ဖြင့် နိုင်နင်းစွာ ဆောင်ရွက် ဖြန့်ဝေပေးနေကြောင်း၊ ကျေးရွာအုပ်စု ၈၁ အုပ်စု၊

ပညာရေး

မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်ကိုယ်စား အထက ကျောင်းအုပ်ဆရာကြီး ဦးအောင်လှက ''၁၉၈၈ ခုနှစ်မတိုင်မီက အခြေခံပညာကျောင်းပေါင်း ၂၁၂ကျောင်းသာရှိခဲ့ရာမှ ယခုအခါ ၃၁၄ကျောင်းအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ပြီးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ၄၉၄ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၅၇ဦး အောင်မြင်သဖြင့် ၃၁ ဒသမ ၇၈ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း၊ ငါးဘာသာ ဂုဏ်ထူးရသူများ ပါဝင်ခဲ့ကြောင်း'' ဖြင့် ရှင်းပြသည်။

ကျော်လွှန်

မြိုင်မြို့နယ်သည် နှစ်စဉ် မိုးရေချိန် လက်မ ၃၀ခန့်သာ ရွာသွန်းသော မိုးနည်းရေရှား ဒေသဖြစ်သော်လည်း နိုင်ငံတော်မှ တည်ဆောက်ပေးသော ရေလှောင်တမံ ဆည်ကိုးခု၊ ရေလျှံတွင်း ၁၆၇တွင်းတို့ဖြင့် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် မိုးစပါး ၄၄၀၁၉ဧက၊ နွေစပါး ၅၀၆ဧက စုစုပေါင်း ၄၄၅၂၅ဧက စိုက်ပျိုးနိုင်ခဲ့ရာ ဒေသဆန် ဖူလုံမှုသည် ၅၇ ဒသမ ၂၄ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ''မြိုင်မြို့နယ်တွင် ယာသီးနှံအဖြစ် မိုးရာသီတွင် မြေပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ကို စိုက်ပျိုးကြပြီး ဆောင်းရာသီတွင် ပဲတီစိမ်း၊ မြေပဲ၊ နှမ်း၊ နေကြာတို့ စိုက်ပျိုးကြရာ ဒေသ ဆီဖူလုံမှုမှာ ၂၀၀၉-၂၀၁၀ခုနှစ်တွင် ၄၂၇ရာခိုင်နှုန်း ရှိသဖြင့် လျှံထားချက် ကျော်လွှန်သည်ဟု သိရသည်။

ပြည်ထောင်စုတစ်ဝန်း

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေး၊ လမ်းပန်းဆက်သွယ်မှု သွားလာလွယ်ကူစေရေး၊ စိုက်ပျိုးရေး၊ ဒေသဝမ်းစာဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုဘဝ မြင့်မားတိုးတက်စေရေးတို့အတွက် ကဏ္ဍပေါင်းစုံမှ ဘက်စုံ ဆောင်ရွက်ဖြည့်ဆည်းပေးလျက်ရှိရာ မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့သည် နိုင်ငံတော်၏ စေတနာကို နားလည်သဘောပေါက်ပြီး ကိုယ့်အားကိုယ်ကိုးကာ လမ်းဖောက်ခြင်း၊ စိုက်ပျိုးရေးအတွက် ဆည်ငယ်၊ ကန်ငယ်များ တူးဖော်ခြင်း၊ ပညာရေးဆိုင်ရာကျောင်းများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ပြုပြင်ခြင်း၊ လျှပ်စစ်မီးတိုင်များ စိုက်ထူသွယ်တန်းခြင်း၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ပြုလုပ်ခြင်းတို့ဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် လက်တွဲညီညီ ပါဝင်လျက်ရှိပါကြောင်း သတင်းခရီးတစ်ထောက် လေ့လာရေးသား တင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မြိုင်မြို့မှ ပခုက္ကူ၊ မုံရွာ၊ မန္တလေး၊ ချင်းပြည်နယ်ရှိ မြို့များသို့ ခွဲဖြာထွက်သော မြိုင်မြို့လမ်းဆုံကို တွေ့ရစဉ်။

မြိုင်မြို့တွင် Public Access Center(PAC) အင်တာနက် ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ ကမ္ဘာတစ်ဝန်းနှင့်ပါ ဆက်သွယ်မှု လွယ်ကူတိုးတက်လာပြီဖြစ်သည်။

ကျေးရွာလမ်းဖွင့်

ရွှေလင်းဆွဲကျေးရွာ ဥက္ကဋ္ဌ ဦးသန်းအောင်ကလည်း ''ကြည့်ကန်-

4-5 (08-09).pmd 1 5/4/2010, 1:30 AM

းကိုလည်း တိုးချဲ့ပြုပြင်ခင်းနေသည်ကို တွေ့ရ

နှုန်း ရရှိသဖြင့် လျာထားချက် ကျော်လွန်သည်ဟု သိရသည်။

ပြည်ထောင်စုတစ်ဝန်း

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေး၊ လမ်းပန်းဆက်သွယ်မှု သွားလာလွယ်ကူစေရေး၊ စိုက်ပျိုးရေး၊ ဒေသဝမ်းစာဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုဘဝ မြင့်မားတိုးတက်စေရေးတို့အတွက် ကဏ္ဍပေါင်းစုံမှ ဘက်စုံ ဆောင်ရွက်ဖြည့်ဆည်းပေးလျက်ရှိရာ မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့သည် နိုင်ငံတော်၏ စေတနာကို နားလည်သဘောပေါက်ပြီး ကိုယ့်အားကိုယ်ကိုးကာ လမ်းဖောက်ခြင်း၊ စိုက်ပျိုးရေးအတွက် ဆည်ငယ်၊ ကန်ငယ်များ တူးဖော်ခြင်း၊ ပညာရေးဆိုင်ရာကျောင်းများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ပြုပြင်ခြင်း၊ လျှပ်စစ်မီးတိုင်များ စိုက်ထူသွယ်တန်းခြင်း၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ပြုလုပ်ခြင်းတို့ဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် လက်တွဲညီညီ ပါဝင်လျက်ရှိပါကြောင်း သတင်းခရီးတစ်ထောက် လေ့လာရေးသား တင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

Access Center(PAC) အင်တာနက် ဖွင့်လှစ်
ဝန်းနှင့်ပါ ဆက်သွယ်မှု လွယ်ကူတိုးတက်လာပြီ

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၃

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီ၏အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက် လျှောက်ထားလျက်ရှိကြရာ ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP)က ၂၀၁၀ ခုနှစ် မေ ၃ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

တည်ထောင်ခွင့်ပြု

ယင်းသို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့်အဖွဲ့များအနက် ချင်းအမျိုးသားပါတီ (Chin National Party) နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီတို့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် မေ ၃ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။ ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့ (၂၈) ဖွဲ့အနက် (၁၄)ဖွဲ့ကို နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❐ *ရှေ့ဖုံးမှ*

အခမ်းအနားအစီအစဉ်အရ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပညာပေးရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နယ်လှည့်အသိပညာပေး ဘဝသစ်ရေယာဉ်ဖွင့်ပွဲ အခမ်းအနားကို နန်းသီတာဆိပ်ကမ်းဖောတံတား၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရေယာဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် နယ်လှည့်အသိပညာပေး ဘဝသစ်ရေယာဉ်ပေါ်၌ ပြသထားသော မုန်တိုင်းနှင့် ငလျင်တို့နှင့် စပ်လျဉ်းသည့် အသိပညာပေးပိုစတာနှင့် ပုံစံငယ်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ ဘဝသစ်ရေယာဉ်သည် နယ်လှည့်အသိပညာပေး မော်တော်ယာဉ်မရောက်ရှိနိုင်သော ဝေးလံခေါင်းပါးသည့် ကမ်းရိုးတန်းဒေသများသို့ သွားရောက်၍ မုန်တိုင်းနှင့် ငလျင် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပြီး အထူးသဖြင့် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်တိုင်းရှိ ဒေသအချို့တို့သို့ သွားရောက်၍ အသိပညာပေးမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အစည်းအဝေး (၂၄/၂၀၁၀)ကျင်းပ နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များအား စိစစ်ခြင်းဆောင်ရွက်

နေပြည်တော် မေ ၃

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အစည်းအဝေး(၂၄/၂၀၁၀)ကို ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာအကြီးအကဲများ စုံညီစွာ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ်ကော်မရှင်အဖွဲ့ခွဲများတွင် ဌာနဆိုင်ရာဝန်ထမ်းများ ထည့်သွင်းဖွဲ့စည်းရေးကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနအကြီးအကဲများ၏ တင်ပြချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များအား စိစစ်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

Davis Cup တင်းနစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိသော မြန်မာ့အမျိုးသား တင်းနစ်လက်ရွေးစင်အသင်းအား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် မေ ၃

၂၀၁၀ ခုနှစ် ဧပြီ ၁၉ရက်မှ ၂၄ရက်အထိ ဂျော်ဒန်နိုင်ငံ Amman မြို့၌ ကျင်းပခဲ့သည့် ၂၀၁၀ခုနှစ် Davis Cup by BNP Paribas Asia Oceania Zone Group (IV) တင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောင်မြင်မှုရရှိလာသော မြန်မာ့အမျိုးသား တင်းနစ်လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁ရက် ညပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဦးဇော်ဇော်၊ ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့အမျိုးသားတင်းနစ်လက်ရွေးစင် အသင်းခေါင်းဆောင် မင်းမင်းက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဦးဇော်ဇော်က မြန်မာ့အမျိုးသား တင်းနစ်လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းက မြန်မာ့အမျိုးသား တင်းနစ်လက်ရွေးစင်များအား တစ်ဦးလျှင် ဆုကြေးငွေကျပ် ၁၀သိန်းစီ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာ့လက်ရွေးစင် ဇော်ဇော်လတ်က ကျေးဇူးတင်စကား ပြောကြားသည်။

ကြိုးပမ်း

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက မြန်မာ့တင်းနစ် အားကစားသမိုင်း၏ အောင်မြင်ထူးခြားမှု တစ်ခုဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်ကြောင်း၊ မြန်မာ့တင်းနစ် အားကစားလောက ဖွံ့ဖြိုးတိုးတက်အောင်မြင်လာရေးအတွက် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ရန်ကုန်မြို့တော်ဝန်၏ ကူညီပံ့ပိုးမှု၊ မြန်မာ့အမျိုးသားလက်ရွေးစင်များ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် နိုင်ငံတကာ တင်းနစ်ပြိုင်ပွဲများ အတွေ့အကြုံဝါရင့်သော အိမ်ရှင်ဂျော်ဒန်အမျိုးသား လက်ရွေးစင်အသင်းကို အနိုင်ယူပြီး မိခင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အလံကို လွှင့်ထူနိုင်ခဲ့၍ အားကစားဝန်ကြီးဌာန၏ ကိုယ်စား၊ မြန်မာ့တင်းနစ် လောကသားများ၏ ကိုယ်စား၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကိုယ်စား၊ တင်းနစ်နည်းပြများ၏ ကိုယ်စား အလွန်ဝမ်းသာပီတိ ဖြစ်ရကြောင်း၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်အနေဖြင့် ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် ကြိုးစားပါဝင် ယှဉ်ပြိုင်လာခဲ့ကြရာ ရှစ်နှစ်ကျော် ကြာမြင့်ခဲ့သည့် ယခုနှစ်တွင် ပထမဦးဆုံးအကြိမ် အောင်မြင်မှုဖြစ်ကြောင်း၊ နောင်လာမည့် ပြိုင်ပွဲများတွင် အောင်မြင်မှု ရရှိလာရေးအတွက် ယခုပြိုင်ပွဲထက် ကြိုတင်ပြင်ဆင် လေ့ကျင့်မှုများကိုလည်း ကြိုးပမ်းသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုချီးမြှင့်ပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်များ၊ မြန်မာ့အမျိုးသားတင်းနစ် လက်ရွေးစင် အားကစားသမားများနှင့် မြန်မာ့လက်ရွေးစင် တင်းနစ်အားကစားသမားများအား တေးဂီတဖြင့် ဖျော်ဖြေကြပြီး ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရာသီဥတု အပူလွန်ကဲမှု ဆင်ခြင်သတိပြု

ဘာသာပြန်သတင်းမှတ်စု - တိုး

ရန်ကုန် မေ ၃

ကမ္ဘာတစ်ဝန်းတွင် ရောဂါအမျိုးအစားအချို့ ပျံ့နှံ့မှုနှင့် လူတို့၏ကျန်းမာရေးကို တစ်နည်းနည်းဖြင့် ခြိမ်းခြောက်လာမှုတို့မှာ ယင်းဒေသ၏ရာသီဥတုအပေါ် အဓိကတည်ရှိနေပေသည်။ အထူးသဖြင့် အပူချိန်လွန်ကဲမှုက လူ့အသက်ဆုံးရှုံးစေမှုကို တိုက်ရိုက်အကျိုးသက်ရောက်စေသည်ကို တွေ့နိုင်သည်။ အပူချိန်မြင့်တက်လေလေ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုတို့ကို ပိုမိုဖြစ်စေသည်။ ယင်းသို့ဖြစ်လေလေ လူ့ကျန်းမာရေးကို ပိုမိုအန္တရာယ်ပြုလာလေဖြစ်သည်။

အပူလွန်ကဲ

ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ကမ္ဘာတစ်ဝန်း စတင်ခံစားနေရသည်မှာ တစ်နှစ်ထက်တစ်နှစ် ပို၍ထင်ရှားလာနေပြီဖြစ်သည်။ သဘာဝဘေးအန္တရာယ်များသည် နေရာမလပ်အောင် ပုံစံအမျိုးမျိုးဖြင့် ဒုက္ခပေးနေသည်ဟု ဆိုရမလောက်ဖြစ်သည်။ ထိုအထဲတွင် အပူလွန်ကဲမှုက ကမ္ဘာပေါ်ရှိ ဇီဝမျိုးစိတ်များကို အခြိမ်းခြောက်ဆုံးဖြစ်သည်။ သက်ရှိသတ္တဝါတို့တွင် အသိဉာဏ်အရှိဆုံးလူသားတို့၏ ဘဝရှင်သန်ရေးကို ယင်းအပူလွန်ကဲမှုက မည်သို့ ခြိမ်းခြောက်နေပါသနည်း။

အပူလွန်ကဲမှုကြောင့် ခန္ဓာကိုယ်မှ ရေဆုံးရှုံးမှုနှင့် လျှပ်လိုက်ပစ္စည်းဆုံးရှုံးခြင်းတို့ကြောင့် လူသားတို့အနေဖြင့် အပူကြွက်တက်သည့် ရောဂါဝေဒနာ၊ အရေပြားတွင် ယားယံအဖုအပိမ့်များထွက်ခြင်း၊ ခြေပွတ်တိုင်ကဲ့သို့သောနေရာများတွင် ဖောရောင်ခြင်း၊ အပူဒဏ်ကြောင့် ခန္ဓာကိုယ်မှ ရေဆုံးရှုံးမှုလွန်ကဲကာ မောပန်းနွမ်းနယ်ခြင်း၊ အင်အားယုတ်လျော့ခြင်း၊ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း စသည့်ရောဂါလက္ခဏာများ ကြုံရတတ်ပါသည်။

အပူလွန်ကဲမှုသည် လူတိုင်းကို ဒုက္ခပေးသည်ဆိုသော်လည်း ဒဏ်အခံရဆုံးသူများမှာ သက်ကြီးရွယ်အိုများ၊ အထူးသဖြင့် အသက်(၇၅)နှစ်အထက်ရှိသူများ၊ ကလေးသူငယ်များ၊ နှလုံးရောဂါ၊ ပန်းနာရင်ကျပ်ရောဂါဝေဒနာရှင်များ၊ စိတ်ဝေဒနာရှိသူများ၊ အရက်သေစာနှင့် မူးယစ်ဆေးဝါးမှီဝဲသူများ၊ အလုပ်ကြမ်းသမား သို့မဟုတ် အားကစားသမား ကိုယ်လက်လှုပ်ရှားသူများပင် ဖြစ်ပါသည်။

ဆောင်ရန်ရှောင်ရန်

အပူရှိန်မြင့်မားမှုကို အတတ်နိုင်ဆုံး အန္တရာယ်ကာကွယ်ရန် လိုအပ်သည်။ အိမ်တွင်း၊ အဆောက်အအုံတွင်းထက် ပြင်ပကအပူချိန်ပိုများလျှင် ပြတင်းပေါက်ရှိ ကန့်လန့်ကာကို ချထားရမည်။ အပြင်ကအပူချိန် ပိုကျလာလျှင် ပြတင်းပေါက်များ ဖွင့်ထားရမည်ဖြစ်သည်။ လေထုအပူချိန် ကျဆင်းလာစေရန် အိမ်အပြင်ဘက်ရှိ သစ်ပင်များနှင့် မြေကြီးကို ရေဖျန်းပေးရမည်ဖြစ်သည်။ နေပူကို ရှောင်ရသည်။ အထူးသဖြင့် နံနက် ၁၁နာရီမှ မွန်းလွဲ ၃နာရီအတွင်း အပြင်မထွက်ရန်၊ ထွက်ပြန်လျှင်လည်း ထီး၊ ဦးထုပ်၊ နေကာမျက်မှန် ဆောင်ရန်၊ အဝတ်ပါးပါး အထူးသဖြင့် ချည်ထည်ဝတ်ဆင်ကြရန် လိုအပ်သည်။

ထို့အပြင် ကာယအားစိုက်လုပ်ကိုင်မှုထိန်းရန်၊ ရေအေးအေးပုံမှန် ချိုးရန်၊ သို့မဟုတ် ကိုယ်ပတ်တိုက်ရန်၊ ချွေးစုပ်ရန် ချည်ထည်အဝတ်အစားများကို ခပ်ပွပွဝတ်ရန် လိုအပ်သည်ကိုလည်း ပညာရှင်များက အကြံပြုထားသည်။ ရေနှင့် သစ်သီးဖျော်ရည်များ မှန်မှန်သောက်ပေးရန်လည်း လိုအပ်သည်။

သဘာဝကဖန်တီး

အမှန်မှာ ကိုယ်ခန္ဓာသည် အပူလွန်ကဲချိန်တွင် အနီးအောက်ရောင်ခြည်အသွင်ဖြင့် အပူဖြာခြင်း၊ အရေပြားကို ရေသို့မဟုတ် လေဖြတ်ကျော်စေခြင်းဖြင့် အပူစီးခြင်း၊ အပူလျှောက်ကူးခြင်းနှင့် ချွေးအဖြစ် အပူထွက်စေခြင်းစသည့် ပုံစံလေးမျိုးဖြင့် မိမိဘာသာအေးသွားအောင် သဘာဝက ဖန်တီးထားသည့်အတွက် လွန်မင်းစွာမစိုးရိမ်သင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ကိုးကား-အင်တာနက်သတင်းများ

မိုးကုတ်-မိုးမိတ် ကားလမ်း၌ ယာဉ်တစ်စီးတိမ်းမှောက် သုံးဦးသေဆုံး၊ ခြောက်ဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၃

မိုးကုတ်မြို့နယ် မိုးကုတ်-မိုးမိတ်ကားလမ်း မိုင်တိုင်အမှတ်(၁၁/၁) အနီး၌ ဧပြီ ၂၉ရက် နံနက် ၁၁နာရီခွဲခန့်တွင် အာလူးကျောက်များ တင်ဆောင်၍ မိုးကုတ်မှ မိုးမိတ်သို့ သွားရောက်သည့် ဖောယာဉ်တစ်စီးသည် အရှိန်လွန်ပြီး လမ်းဘေးချောက်ထဲသို့ ထိုးကျသွားခဲ့ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်၌ လိုက်ပါလာသူအမျိုးသား ခုနစ်ဦး၊ အမျိုးသမီး နှစ်ဦးတို့အနက် အမျိုးသား နှစ်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း သုံးဦးသေဆုံးပြီး ကျန်ခြောက်ဦး ဖူးရောင်ပေါက်ပြဲ ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား မိုးကုတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း၊ ယာဉ်မောင်း မင်းမင်းအား မိုးကုတ်ရဲစခန်းက အမှုဖွင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

စည်းကမ်းရှိ၍ တာဝန်သိသူများ

ဒေါက်တာ
ခင်မောင်လွင်

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး အသိပညာပေးမှုအပေါ် အခြေခံ၍ ယာဉ်အန္တရာယ် ကင်းဝေးအောင် ဆောင်ရွက်နေကြသည်ကို သတင်းများတွင် ကြားသိနေရပါသည်။ ယခုအခါ ဒုတိယအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိနေရပါသည်။ ဧပြီလ ၁ရက်နေ့မှ ၇ရက်နေ့အထိ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်နှင့်တစ်ဆက်တည်း ဧပြီလ ၇ရက်နေ့မှ ၁၁ရက်နေ့အထိ ကမ္ဘာတစ်ဝန်းလုံးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ စည်းရုံးလှုံ့ဆော်မှုဖြင့် ကမ္ဘာ့မြို့ကြီးပေါင်း ၁၀၀၀တွင် ကျန်းမာရေးမြှင့်တင်မှု ဆောင်ရွက်လျက်ရှိရာ ယာဉ်အန္တရာယ် ကင်းရှင်းရေးသည်လည်း အရေးကြီးသော အချက်တစ်ချက်ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အရှေ့တောင်အာရှ (၁၀) နိုင်ငံတွင် မြန်မာနိုင်ငံပါဝင်သည်။ နိုင်ငံတိုင်းမှ အနည်းဆုံးမြို့ကြီးတစ်မြို့ ပါဝင်ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားရှိရာ မြန်မာနိုင်ငံ၏ ကျန်းမာရေးဂုဏ်ဆောင်အဖြစ် တောင်ကြီးမြို့ကလည်း တစ်ကမ္ဘာလုံးနှင့်ယှဉ်၍ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မည်သူ့ကိုမျှ အားမကိုးဘဲ၊ မည်သည့်အထောက်အပံ့မျှမပါဘဲ မိမိတို့မြို့ကို ကျန်းမာရေးအဆင့်မြင့်မားလာအောင် ဦးဆောင်ကြမည့် ပုဂ္ဂိုလ်များမှာ အထူးပင် ချီးကျူးဂုဏ်ပြုစရာဖြစ်ပါသည်။ သာမန်အားဖြင့်ကြည့်လျှင် ကျန်းမာရေးသည် လူတစ်ဦး တစ်ယောက်၏ ကိစ္စဟုထင်စရာရှိသော်လည်း မြို့ပြလူမှုဘဝမှာ တစ်ဦးနှင့် တစ်ဦး၊ တစ်မိသားစုနှင့် တစ်မိသားစု၊တစ်ရပ်ကွက်နှင့်တစ်ရပ်ကွက် ဆက်စပ်မှုရှိနေသည်ကို သတိပြုမိဖို့ လိုအပ်ပါသည်။ ထို့ကြောင့် မြို့ပြကျန်းမာရေးသည် တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်၍မရဘဲ စုပေါင်းညီညာမှုအင်အားလိုပါသည်။ ကျန်းမာအောင်ဆောင်ရွက်နိုင်မှု နည်းလမ်းကောင်းများလိုပါသည်။ စနစ်တကျစီမံခန့်ခွဲဖို့လိုပါသည်။ သို့ဖြစ်ပါ၍ မြို့ပြကျန်းမာရေးကို မြှင့်တင်လိုလျှင် အရည်အသွေးပြည့်ဝသော ဦးဆောင်သူ (သို့မဟုတ်) ဦးဆောင်မည့်အဖွဲ့၊ တက်ကြွစွာ ပူးပေါင်းပါဝင်မည့် ဌာနအဖွဲ့အစည်း၊ လူပုဂ္ဂိုလ် မြောက်မြားစွာ လိုအပ်လေသည်။

ဥပမာအားဖြင့် မြို့ပြများတွင် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ရန်ကြိုးစားရာ၌ ဘက်စုံ၊ ထောင့်စုံ မှပါဝင်ရန်လိုအပ်ပါသည်။ ယခုအခါ မြို့ပြကျန်းမာရေးပြဿနာများတွင် ထိပ်တန်းမှပါဝင်နေသည်မှာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များကြောင့် ထိခိုက်ဒဏ်ရာရမှုများပင်ဖြစ်ပါသည်။ မြို့ပြနေလူထုပူးပေါင်းဆောင်ရွက်၍ လျှော့ချနိုင်သော အန္တရာယ်ဖြစ်ပါလျက် မကာကွယ်နိုင်သော အန္တရာယ်အဖြစ် နေရာများစွာတွင် ရင်ဆိုင်ဖြေရှင်းနေပါသည်။ ယခုကဲ့သို့ ရန်ကုန်တိုင်းတွင် ကြိုးစားဖြေရှင်းနေသည်မှာ အထူးပင်ကြိုဆိုအပ်သော လုပ်ငန်းဖြစ်ပါသည်။ ယာဉ်အန္တရာယ်ဟုဆိုလိုက်လျှင် လူတိုင်းက ယာဉ်ကိုသာအာရုံထဲ မြင်မိကြသည်။ လူကြောင့်ဖြစ်သော ပြဿနာကို လျှော့လျှော့ပေါ့ပေါ့တွေးတတ်ကြသည်။ အမှန်အားဖြင့် လူကြောင့်သာ ယာဉ်အန္တရာယ် ဆတက်ထမ်းပိုးတိုး၍ များလာခြင်းဖြစ်ပါသည်။

လူကြောင့်ဖြစ်သော ထိခိုက်မှုအန္တရာယ်များ၏ ရင်းမြစ်မှာလည်း သေချာစွာဆန်းစစ်လျှင် "မသိမှု"နှင့် "သတိမရှိမှု"တို့ အပေါ်မှီ၍သာ ဘေးအန္တရာယ်ဖြစ်လာသည်ကို တွေ့နိုင်ပါသည်။

လမ်းစည်းကမ်းအကြောင်းကိုမသိမှု၊

ပြည်သူ့နီတိကိုမသိမှု၊

ယာဉ်စည်းကမ်းအကြောင်းမသိမှု၊

ကိုယ့်ကိုယ်ကို မသိမှုများသည် အန္တရာယ်ကို ဖိတ်ခေါ်နေသော မသိမှုများပင်ဖြစ်ပါသည်။

မြို့ပြနေလူထုသည် လမ်းစည်းကမ်းနှင့် ယဉ်ပါးဖို့လိုပါသည်။ လမ်းစည်းကမ်းကို သိရှိလိုက်နာရန် ကြိုးစားခြင်းသည်လည်း ပြည်သူ့နီတိဖြစ်ပါသည်။ မြို့ပြထဲသို့ဝင်လာသော လမ်းစည်းကမ်းမသိသူများကိုလည်း စည်းကမ်းသိလာအောင် ဝိုင်းဝန်းကူညီဖို့ တာဝန်ရှိပါသည်။ ဤတာဝန်သည် မြို့ကြီးသားတစ်ယောက်၏တာဝန် (Citizen's Responsibility) လည်းဖြစ်ပါသည်။ မူကြိုကလေးဘဝမှစ၍ သင်ကြားရမည့် "ဘဝတစ်သက်တာသိမှတ်စရာ" သင်ခန်းစာလည်းဖြစ်ပါသည်။ မူကြိုမရောက်ခင် မိဘများက သင်ပေးရန်တာဝန်ရှိပြီး မူကြိုကျောင်း ဆရာ ဆရာမ၊ မူလတန်းကျောင်း ဆရာ ဆရာမ စသည်ဖြင့် မိဘ၊ ဆရာတို့၏ အာစရိယ ဂုဏ်သည် မိမိတို့ တပည့်သားမြေးများ လမ်းစည်းကမ်း မည်မျှလိုက်နာနိုင်သည်ဆိုသည့်အပေါ်တွင်လည်း တစ်စိတ်တစ်ဒေသ မှီနေသည်ဟုဆိုနိုင်ပါသည်။

"ရောမမြို့သို့ရောက်လျှင် ရောမသားကဲ့သို့ ကျင့်ရမည်" ဆိုသောစကားပုံရှိပါသည်။ ရောမ မရောက်ဖူးသူတစ်ယောက်အတွက် ရောမမြို့သို့သွားရောက်မည်ဟု ကြံစည်သည်နှင့်တစ်ပြိုင်နက် ရောမမြို့အကြောင်းကို ကြိုတင်လေ့လာထားဖို့ လိုအပ်ပါသည်။ ယနေ့ခေတ် ကမ္ဘာလှည့်ခရီးသွားအားလုံးသည် မိမိတို့သွားရောက်မည့်နိုင်ငံအကြောင်း တစိုက်မတ်မတ်လေ့လာပြီးမှ သွားရောက်ကြသည်ကို တွေ့နိုင်ပါသည်။

ဤမျှနှင့်မလုံလောက်ပါ။ သက်ဆိုင်ရာမြို့ပြများက တစ်ခေါက်တစ်ခါအရောက်လာသူများကို နွေးထွေးစွာကြိုဆို၍ ပျော်ပျော်ရွှင်ရွှင် အန္တရာယ်ကင်းအောင် လမ်းပြ (Guide) လုပ်ပေးရန်တာဝန်ရှိပါသည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင် လမ်းပြပေးသောသူ နေရာတိုင်းတွင်ရှိပါသည်။ လမ်းပြနိုင်သောစနစ် နေရာတိုင်းတွင်ရှိပါသည်။ ထိုအခါတွင် လမ်းစည်းကမ်းကိုမသိ၍ ဖြစ်ပွားနိုင်သော ယာဉ်အန္တရာယ်များကို လျှော့ပါးစေနိုင်ပါသည်။ ဧည့်သည်ကို ကူညီတတ်သော မြို့ကြီးသားတို့ တစ်မြို့လုံးပြည့်နေဖို့လိုပါသည်။

လမ်းစည်းကမ်းကိုသိဖို့ရာ လူတိုင်းနှင့်ဆိုင်သလို ယာဉ်စည်းကမ်းကိုသိဖို့ရာ ယာဉ်ကိုကိုင်တွယ်သူတိုင်းနှင့် ဆိုင်ပါသည်။ ယာဉ်မောင်းတစ်ယောက်သိရမည့် စည်းကမ်းများအားလုံးကို ကျေညက်မှသာ ယာဉ်ကိုကိုင်တွယ်ရန် လိုအပ်ပါသည်။ လမ်းစည်းကမ်းကို သိမှသာ လမ်းတွင်ထွက်၍ ယာဉ်ကိုမောင်းနှင်သင့်ပါသည်။ သိရုံတင်မက အတွေ့အကြုံပြည့်ဝသူများသာ အများနှင့်ဆိုင်သော ယာဉ်ကြီးများကို မောင်းနှင်ရန်သင့်ပါသည်။ အန္တရာယ်ရှိသည်ဟုဆိုလိုက်လျှင် ကုန်တင်ယာဉ်ကြီးများကိုသာ မျက်စိထဲတွင် မြင်မိမည်ဖြစ်ပါသည်။ အမှန်မှာ စက်ဘီးငယ်ကလေးကအစ လမ်းပေါ်ထွက်လာလျှင် အန္တရာယ်ရှိပါသည်။ ကျွမ်းကျင်စွာ မမောင်းတတ်လျှင် မိမိသော်လည်းကောင်း၊ တစ်ဖက်သားသော်လည်းကောင်း အန္တရာယ်ဖြစ်နိုင်ပါသည်။ စည်းကမ်းမရှိလျှင်၊ စည်းကမ်းမသိလျှင် ဘေးအန္တရာယ်ဆိုး အချိန်မရွေးကြုံနိုင်ပါသည်။ မိမိမောင်းနှင်သည့်ယာဉ်၏ချွတ်ယွင်းချက်ကို မသိလျှင်သော်လည်းကောင်း၊ သိလျက်နှင့် အချိန်မီမပြင်လျှင်သော်လည်းကောင်း နောင်တရဖို့အချိန်မရဘဲဖြစ်သွားနိုင်ပါသည်။ ယာဉ်စည်းကမ်းသည်လည်း တစ်နေရာနှင့်တစ်နေရာ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အတတ်နိုင်ဆုံးတူညီရန်ကြိုးစားမှသာ တစ်ကမ္ဘာလုံး၏ ယာဉ်အန္တရာယ်လျှော့ပါးရေးကို မျှော်လင့်နိုင်မည်ဖြစ်ပါသည်။

ကိုယ့်ကိုယ်ကို မသိသူများသည်ကား လမ်းအန္တရာယ်ဖြစ်ပေါ်ရန် အလားအလာ အများဆုံးဖြစ်ပါသည်။ မိမိကိုယ်တိုင်၏ ကျွမ်းကျင်မှုစွမ်းရည်၊ ကျန်းမာရေး၊ ခန္ဓာကိုယ်နှင့် စိတ်၏အခြေအနေတို့သည် လမ်းပေါ်သို့ထွက်လိုက်လျှင် အရေးကြီးသောအခြေအနေများ ဖြစ်လာပါသည်။ စက်ဘီးစီးသူများမှစ၍ မော်တော်ယာဉ်ကြီးများ မောင်းနှင်သူအထိ လိုအပ်သောအရည်အသွေးဖြစ်ပါသည်။ ကိုယ့်ကိုယ်ကိုသိဖို့ ဤမျှအရေးကြီးမှန်းသိလျက်နှင့် ကိုယ့်ကိုယ်ကိုဖျက်ဆီးနေသူများသည်လည်း ဝမ်းနည်းဖွယ်ရာတွေ့နေရသည်။ ထိုသူတို့ကား "မူးယစ်သောက်စားယာဉ်မောင်းများ"ဖြစ်ပါသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိခြင်း၊ ကိုယ့်ကိုယ်ကိုသိခြင်းများနှင့်တွဲလျက် သတိရှိနေဖို့သည် အထူးပင် ဆောက်တည်ရမည့် အရည်အသွေးဖြစ်ပါသည်။ များသောအားဖြင့် ယာဉ်မောင်းတို့သည် ကျွမ်းကျင်မှုကို အားကိုးကြသည်။ ထိုကျွမ်းကျင်မှုတို့သည် မလွှဲမရှောင်သာ ယာဉ်အန္တရာယ်နှင့်ရင်ဆိုင်ရသည့်အခါတွင် ထင်သလောက် အန္တရာယ်မကင်းကြောင်း သိရှိသူနည်းပါးသည်။ အထူးသဖြင့် အဝေးပြေးလမ်းမတွင် မောင်းနှင်နေသူတစ်ယောက်သည် အလွန်လျင်မြန်သောအရှိန်ကို စက္ကန့်ပိုင်းအတွင်း ထိန်းသိမ်းဖို့ မဖြစ်နိုင်သည်ကို သတိမပြုမိသည့်အတွက် အသက်ပေါင်းများစွာ သေဆုံးရသောဖြစ်ရပ်များရှိပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံအချို့တွင် ဤအချက်ကိုအဓိကထား၍ အန္တရာယ်ဖြစ်လာလျှင် ရှောင်ရှားနိုင်မည့် အလေ့အကျင့်များကို သင်တန်းပေးလျက်ရှိပါသည်။ သတိနှင့် ပတ်သက်လာလျှင် စည်းကမ်းထိန်းသိမ်းသူများဘက်မှလည်း အထူးတလည်အရေးကြီးကြောင်း တင်ပြလိုပါသည်။ မိမိတို့ကိုယ်တိုင်က စည်းကမ်းရှိဖို့ သတိမပြတ် ဆင်ခြင်အပ်ပါသည်။

လမ်းများ၏အခြေအနေ၊ ယာဉ်များ၏အခြေအနေ၊ အန္တရာယ်ကင်းရှင်းနိုင်မည့် စနစ်ကောင်းများ မည်မျှရှိနေပါစေ လူထု၏ အရည်အသွေးကို မမြှင့်တင်နိုင်လျှင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြုံတွေ့နေရဦးမည် ဖြစ်ပါသည်။ မိဘ၊ ဆရာမှအစ တာဝန်ရှိသူ၊ တာဝန်သိသူ မြို့ကြီးသားတိုင်းက အန္တရာယ်ကင်းရှင်းရေး၊ အသက်ရှည်၍ အနာမဲ့ရေးကြိုးစားပေးဖို့ ကျရာနေရာက ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန် အထူးပင်လိုအပ်ပါသည်။ မြို့ပြ လူမှုဘဝမြှင့်မားရေးတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးသည် အထူးပင်အရေးကြီးသောအချက်ဖြစ်ပါကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းသူများနှင့် စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မိမိကိုယ်တိုင်၊ မိမိ မိသားစုနှင့် မိမိတို့ရပ်ရွာအတွင်း စည်းကမ်းရှိ၍ တာဝန်သိသူများကို မွေးထုတ်အပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး နေပြည်တော် ပြည်သူ့ဆေးရုံကြီး ပင်မခွဲစိတ်ခန်းမရှေ့မဏ္ဍပ်၌ မျက်စိခွဲစိတ်ကုသမှုခံယူရန် ရောက်ရှိနေကြသော မျက်စိဝေဒနာရှင်လူနာများအား တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)၌ မြန်မာနှင့်ဂျပန် မျက်စိအထူးကုဆရာဝန်ကြီးများ

မျက်စိအခမဲ့ကုသပေး

နေပြည်တော် မေ ၃

ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မြန်မာမျက်စိအထူးကုဆရာဝန်ကြီးများနှင့် ဂျပန်မျက်စိအထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ ဆောင်ရွက်သည့် မျက်စိအခမဲ့ကုသပေးသည့် အစီအစဉ်ကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင် ၁၀၀၀) ပင်မခွဲစိတ်ခန်းမ၌ဆောင်ရွက်ရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး သွားရောက်ကြည့်ရှု အားပေးသည်။

ခွဲစိတ်ကုသ

မြန်မာမျက်စိအထူးကု ဆရာဝန်ကြီးများအဖွဲ့တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ပါမောက္ခဒေါက်တာ တင်ဝင်းနှင့် အထူးကု ဆရာဝန်ကြီး ခြောက်ဦး၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်မှ ပါမောက္ခဒေါက်တာ ကိုကိုသန့်နှင့် အထူးကုဆရာဝန်ကြီး သုံးဦး၊ မန္တလေးဆေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာရဲလွင်နှင့် အထူးကု ဆရာဝန်နှစ်ဦး၊ ကျန်းမာရေးဦးစီးဌာန မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံချက်မှ စီမံချက်မန်နေဂျာ ဒေါက်တာ ခင်ငြိမ်းလင်းနှင့် မိတ္ထီလာ၊ နေပြည်တော်ပျဉ်းမနား၊ တောင်ငူ၊ နေပြည်တော်၊ မင်းဘူးမြို့တို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများ ပါဝင်၍ မျက်စိရေတိမ်ရောဂါနှင့် အတွင်းတိမ်ရောဂါ လူနာများအား ခွဲစိတ်ကုသပေးလျက်ရှိသည်။

ဂျပန်မျက်စိအထူးခွဲစိတ်ကုသမှုအဖွဲ့ကို Association of Japan - Myanmar Mutual Cooperation (AJMMC)အဖွဲ့မှ Professor Dr. Yoshifumi Fujita ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျွမ်းကျင်သူများ ၂၂ဦး ပါဝင်၍ ၁၉၉၉ ခုနှစ်မှစပြီး အကြိမ်(၂၀)မြောက် လာရောက်ခွဲစိတ်ကုသပေးခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးသည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ပင်မခွဲစိတ်ခန်းမရှေ့မဏ္ဍပ်၌ မျက်စိခွဲစိတ်ကုသမှုခံယူရန် ရောက်ရှိနေကြသော မျက်စိဝေဒနာရှင် လူနာများနှင့် သံဃာတော်များအား တွေ့ဆုံအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပင်မခွဲစိတ်ခန်းမကြီး၊ ခွဲစိတ်ခန်းမ (၂)အတွင်း ဂျပန်မျက်စိ အထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်လူနာများအား ခွဲစိတ်ကုသပေးနေမှုကို လည်းကောင်း၊ ခွဲစိတ်ခန်းမ(၁)အတွင်း မြန်မာမျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများ၏ မျက်စိခွဲစိတ် ကုသပေးနေမှုကို လည်းကောင်း လှည့်လည် ကြည့်ရှုအားပေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကူညီပံ့ပိုး

မြန်မာ-ဂျပန် မျက်စိခွဲစိတ်ကုသမှုလုပ်ငန်း အဆင်ပြေ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးဦးစီးဌာနနှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာ သောင်းတင်ထွန်းနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများက ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးကြသည်။

ယနေ့တွင် မြန်မာမျက်စိအထူးကု ဆရာဝန်ကြီးများအဖွဲ့က မျက်စိဝေဒနာရှင်၊ အတွင်းတိမ်၊ ရေတိမ်လူနာ ၇၇ဦးအား လည်းကောင်း၊ ဂျပန်နိုင်ငံ (AJMMC) မျက်စိ အထူးကု ဆရာဝန်ကြီးများအဖွဲ့က မျက်စိ ဝေဒနာရှင်၃၁ဦးအားလည်းကောင်း ခွဲစိတ်ကုသပေးခဲ့ကြသည်။

ဖတ်ကြားတင်သွင်း

(၁၀)ကြိမ်မြောက် မျက်စိခွဲစိတ် ဆရာဝန် ညီလာခံကို မေ ၄ရက် နံနက် ၈နာရီတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဂျပန်နိုင်ငံမျက်စိ အထူးကုဆရာဝန်ကြီးများအဖွဲ့မှ စာတမ်းခုနစ်စောင်၊ မြန်မာ နိုင်ငံ မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့မှ ပါမောက္ခ ဒေါက်တာ တင်ဝင်းက စာတမ်းတစ်စောင်နှင့် မင်းဘူးမျက်စိ အထူးကု ဆရာဝန် ဒေါက်တာအောင်ဆန်းဝင်းက စာတမ်းတစ်စောင် စုစုပေါင်း စာတမ်း ကိုးစောင်ကို ဖတ်ကြားတင်သွင်းကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)တွင် မြန်မာနှင့်ဂျပန် မျက်စိအထူးကုဆရာဝန်ကြီးများ မျက်စိအခမဲ့ ခွဲစိတ်ကုသပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

○ ကျောဖုံးမှ

လောပိတကျေးရွာသို့ ရောက်တုန်းရောက်ခိုက် ဒေသ၏ လူမှုရေး၊ စီးပွားရေးအခြေအနေများကို လေ့လာစေ့ငုခွင့်ရခဲ့သည်။

တစ်ရက်သောနေ့လယ်ခင်းတွင် လောပိတကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဧည့်ရိပ်သာ(ဘိုတဲ)၌ တွေ့ဆုံ၍ ဒေသဆိုင်ရာအချက်အလက်များကို မေးမြန်းဆွေးနွေးဖြစ်ခဲ့လေသည်။ ဥက္ကဋ္ဌ ဦးအောင်ကြည်သည် ရှမ်းအမျိုးသားဖြစ်ပြီး အသက် (၅၅)နှစ်ရှိပြီဖြစ်သည်။

ဥက္ကဋ္ဌ ဦးအောင်ကြည်က "လောပိတကျေးရွာအုပ်စုရဲ့ အဓိကစီးပွားရေးကတော့ စိုက်ပျိုးရေးပါပဲ။ တောင်ယာလုပ်ငန်းနဲ့ ရာသီသီးနှံကို အများဆုံး စိုက်ကြတယ်။ ယာစပါးကိုတော့ အခုတစ်နှစ် နှစ်နှစ်အတွင်းမှာ စိုက်လာကြတယ်။ ပြောင်း၊ ပဲပုပ်၊ ပဲစင်းငုံ၊ မြေပဲနဲ့ ငှက်ပျောကို ဦးစားပေးစိုက်ကြပြီး စီးပွားရေးလည်း တွက်ခြေကိုက်တယ်။ ဒီနှစ်မှာ ပဲစင်းငုံဈေးကောင်းလို့ အမြတ်အစွန်းအတော်ရကြတယ်" ဟု ပြောကြားသည်။

လောပိတကျေးရွာအုပ်စုတွင် ကျေးရွာနှင့် ရပ်ကွက်စုစုပေါင်း ၁၇ခု၊ အိမ်ထောင်စု ၁၄၀၀ကျော် ပါဝင်ပြီး ၂၀၀၈-၂၀၀၉ စာရင်းအရ လူဦးရေ ၆၀၀၀ကျော် နေထိုင်ကြသည်။ ကျေးရွာများအဖြစ် မိုက်ကန်းကျေးရွာ၊ ကိုးမိုင်ကျေးရွာ၊ ဆော်လစယ်ကျေးရွာ၊ လောကထူးကျေးရွာ၊ ကန်နီကျေးရွာ၊ ကျောက်တောင်ကျေးရွာ၊ ပဒေါင်ကုန်းကျေးရွာ၊ လေးအိမ်စုကျေးရွာနှင့် ကယားကျေးရွာ၊ ရပ်ကွက်များအဖြစ် ဆယ်မိုင်ရပ်ကွက်၊ လောကထူးကွက်သစ်၊ ရှမ်းကွက်သစ်၊ လောပိတရပ်ကွက်၊ လောခလေး(၁၅၊ ၁၆)ရပ်ကွက်၊ ဓမ္မစကြာရပ်ကွက်၊ အမှတ်(၁)ရပ်ကွက်နှင့် ပရဟိတရပ်ကွက်တို့ ပါဝင်ကြသည်။

ဥက္ကဋ္ဌ ဦးအောင်ကြည်သည် ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ မတည်ဆောက်မီကပင် မဒေါ်ခူကျေးရွာအုပ်စုမှ ရှမ်းကျေးရွာတွင် မွေးဖွားကြီးပြင်းခဲ့သူဖြစ်သည်။ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီး တည်ရှိလာခြင်းနှင့်စပ်လျဉ်း၍ ဦးအောင်ကြည်က " ၁၉၅၄ခုနှစ်မှာ ဓာတ်အားပေးစက်ရုံကြီး စတင်တည်ဆောက်တော့ ကျွန်တော် ကလေးအရွယ်ပဲရှိသေးတယ်။ ဒီစက်ရုံကြီးရှိလာခြင်းဟာ ဒီဒေသက လူတွေအတွက် အမှောင်ကနေ အလင်းကိုရောက်လာတာပါပဲ။ အရင်က ဒီဒေသဟာ တောတောင်ထူထပ်ပြီး ဝေးလံသီခေါင်တဲ့အတွက် ရွာသိပ်မရှိဘူး။ ရှမ်းရွာတစ်ရွာပဲရှိတယ်။ ဓာတ်အားပေးစက်ရုံကြီး တည်ဆောက်ပြီးမှ ရွာတွေ၊ ရပ်ကွက်တွေ တစ်စစနဲ့ ဖွံ့ဖြိုးစည်ပင်လာတယ်။ ဒီစက်ရုံမရှိခင်ကဆိုရင် လှည်းလမ်းပဲရှိတယ်။ ၂၀၀၄-၂၀၀၅ခုနှစ် နောက်ပိုင်းကစပြီး သိသိသာသာတိုးတက်လာတယ်။ အခုဆိုရင် ထော်လာဂျီတွေ၊ ဆိုင်ကယ်တွေ တဝီဝီနဲ့ ဖြစ်နေပြီ" ဟု ပြောကြားသည်။

လောပိတကျေးရွာအုပ်စုတွင် တိုက်နယ်ဆေးရုံ တစ်ရုံ၊ အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း တစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ငါးကျောင်းရှိသည်။ ပုဂ္ဂလိကပိုင် သစ်စက်၊ ဆန်စက်နှင့် ဆီစက်များလည်းရှိသည်။

ညနေပိုင်း နေအေးချိန်တွင် ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အတူ လောပိတကျေးရွာအုပ်စုအတွင်း လှည့်လည်ကြည့်ရှုလေ့လာဖြစ်သည်။ လောကထူးကွက်သစ်ရှိ ကယားအမျိုးသား ဦးမီရယ်(ခ) ဦးညိုမဲ၏ မြင်းကောင်ရေ (၁၈)အား စပါးကြိတ်စက်ကို ဝင်ရောက်ကြည့်ရှုဖြစ်သည်။



လောပိတရေတံခွန်မှ ကြိုဆိုပါ၏ ဆိုင်းဘုတ်နှင့် လျှိုမြောင်ကူး သစ်သားတံတားကို တွေ့ရစဉ်။

ဆန်စက်ပိုင်ရှင် ဦးမီရယ်(ခ) ဦးညိုမဲက စပါးကြိတ်စက်တည်ဆောက်ရာတွင် ငွေကျပ်သိန်း ၄၀ကျော် ကုန်ကျခဲ့ကြောင်း၊ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်၌ စတင်လည်ပတ်ခဲ့ကြောင်း၊ တောင်ယာစပါးကိုသာ အားကိုးရကြောင်း၊ ဆန်ကြိတ်ခွဲခမယူဘဲ ဖွဲနှင့် ဆန်ကွဲကိုသာယူကြောင်း၊ ဖွဲနှင့်ဆန်ကွဲကို တိရစ္ဆာန်အစာအတွက် လာရောက်ဝယ်ယူကြကြောင်း ရှင်းပြသည်။ တစ်နိုင်တစ်ပိုင် ဆန်စက်ဖြစ်သော်လည်း အုတ်ညှပ်သွပ်မိုး အဆောက်အအုံအတွင်း ဆန်စက်ကို အထိုင်ချထား၍ ရေရှည်အသုံးပြုနိုင်မည့် အနေအထားတွေ့ရသည်။

ဥက္ကဋ္ဌ ဦးအောင်ကြည်နေအိမ်၌ ညစာမစားမီ စကားဝိုင်းဖွဲ့ဖြစ်ရင်း ဒေသဖွံ့ဖြိုးမှုအကြောင်း စကားစပ်မိကြပြန်သည်။

ဦးအောင်ကြည်က "ရွာလယ်လမ်းကို သဲကျောက်ခင်းလိုက်နိုင်လို့ ကျေးရွာချင်းဆက်သွယ်ရေးကောင်းသွားတယ်။ အရင်က မိုးတွင်းမှာ ဗွက်ထလို့ ဆိုင်ကယ်တောင်စီးလို့ မရဘူး။ ဒီဒေသမှာ ကျွန်တော်တို့ငယ်ငယ်က စက်ဘီးတောင် ကောင်းကောင်းရှိခဲ့တာမဟုတ်ဘူး။ အခုဆိုရင် တီဗွီတွေ အိမ်တိုင်းစေ့ရှိတယ်။ ဒီဘက်မှာ ပစ်ခတ်သံတွေမကြားရတာ လေးငါးနှစ်လောက်ရှိနေပြီ။ ဟိုးအရင်ကဆိုရင် ခဏခဏဝင်ပစ်၊ ခဏခဏမိုင်းခွဲကြလို့ အိပ်ကောင်းတိုင်း မအိပ်ရ၊ စားကောင်းတိုင်းမစားကြရဘူး။ အခုဆိုရင် နယ်မြေဒေသအေးချမ်းလာတာနဲ့အမျှ ဖွံ့ဖြိုးစည်ပင်လာတယ်။ လျှပ်စစ်မီး အချိန်ပြည့်ရသလို သောက်သုံးရေဆိုရင်လည်း အမှတ်(၂)စက်ရုံရေလှောင်ကန်နဲ့ အမှတ်(၁)စက်ရုံရေလှောင်ကန်တို့ကနေ ကိုယ့်အားကိုယ်ကိုး သွယ်ယူထားလို့ အဆင်ပြေတယ်" ဟု ပြောကြားသည်။

လွိုင်ကော်မြို့နှင့် လေးမိုင်အကွာရှိ လောပိတစံပြကျေးရွာကိုလည်း တစ်ခုသောနံနက်ခင်း၌ လက်ဖက်ရည်သောက်ထွက်ရင်း ရောက်ဖြစ်ခဲ့သည်။ လွိုင်ကော်-လောပိတ ကားလမ်းဘေးရှိ လက်ဖက်ရည်ဆိုင်ကလေး၌ လောပိတစံပြကျေးရွာဥက္ကဋ္ဌ ဦးအုန်းမြင့်နှင့် ကျေးရွာအုပ်စု အတွင်းရေးမှူး ဦးကြည်တင်တို့အားတွေ့ဆုံကာ စကားဝိုင်းဖွဲ့ဖြစ်ခဲ့သည်။

လောပိတစံပြကျေးရွာကို ၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အငြိမ်းစားဝန်ထမ်းများနှင့် ဒေသခံများ နေထိုင်ကြသည်။ စံပြကျေးရွာစတင်တည်ထောင်စဉ်က အိမ်ထောင်စုတစ်စုလျှင် မြေ ငါးဧက၊ ပျဉ်ထောင်အိမ်တစ်လုံး(လျှပ်စစ်မီတာပါ)ချပေးခဲ့ကြောင်း သိရသည်။ ယခုအခါ လောပိတစံပြကျေးရွာသည် အခြေချနေထိုင်သူများပြားကာ ဖွံ့ဖြိုးစည်ပင်နေပြီဖြစ်သည်။

လောပိတစံပြကျေးရွာတွင် ကျေးလက်ဆေးပေးခန်းတစ်ခန်း၊ မူလတန်းလွန်ကျောင်းတစ်ကျောင်း၊ မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတစ်ရုံ၊ ကျေးလက်စာကြည့်တိုက်တစ်တိုက်နှင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိသည်။ ၂၀၀၉-၂၀၁၀ စာရင်းအရ အိမ်ထောင်စု ၁၈၉စု၊ အိမ်ခြေ ၂၂၄လုံး၊ လူဦးရေ ၈၆၇ဦး နေထိုင်ကြသည်။ အများစုမှာ တောင်ယာလုပ်ကိုင်ကြပြီး အစေ့ထုတ်ပြောင်းနှင့် ပဲစင်းငုံကို အဓိက စိုက်ပျိုးကြသည်။ ကျေးရွာအုပ်စုအတွင်းရေးမှူး ဦးကြည်တင်သည် ဘီလူးချောင်း အမှတ် (၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဝန်ထမ်းဟောင်းတစ်ဦးဖြစ်သည်။ ဦးကြည်တင်က "၁၉၆၀ နဲ့ ၁၉၇၀ ကာလတစ်ဝိုက်တုန်းက ဒီဒေသမှာ လုံခြုံမှုအားနည်းခဲ့တယ်။ ညဂျူတီဆင်းဖို့တောင်မလွယ်ဘူး" ဟု အတွေ့အကြုံကို ပြောပြသည်။

လောပိတစံပြကျေးရွာ၏ ကျေးလက်ဆေးပေးခန်းကိုလည်း ကြုံကြိုက်တုန်း ဝင်ကြည့်ဖြစ်သည်။ ကျေးလက်ကျန်းမာရေးမှူး ဒေါ်စန်းမြင့်က ဒေသခံကျေးရွာသားများ ကျန်းမာရေးအသိမြင့်မားလာရေး၊ ကိုယ်ဝန်ဆောင်မိခင်များနေအိမ်၌ အရပ်လက်သည်များနှင့် မွေးဖွားခြင်းဖြင့် အန္တရာယ်ကြုံတွေ့နိုင်သည်ကို အသိပညာပေးရခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

မပြန်မီတစ်ရက် နံနက်ခင်းတွင် လောပိတကျေးရွာရှိ(၁၆)ခုတင်ဆံ့ လောခလေးတိုက်နယ်ဆေးရုံသို့သွားရောက်ဖြစ်ခဲ့ရာ တိုက်နယ်ဆရာဝန် ဒေါက်တာဒေါ်ခင်ဝတ်ရည်လှနှင့် သူနာပြုဆရာမများကို စုံစုံညီညီတွေ့ရသဖြင့် အားတက်ဖွယ်ဖြစ်ရသည်။ တိုက်နယ်ဆရာဝန် ဒေါက်တာ ဒေါ်ခင်ဝတ်ရည်လှသည် လောခလေးတိုက်နယ်ဆေးရုံ၌ တာဝန်ကျသည်မှာ ရက်ပိုင်းမျှသာရှိသေးသည်။

ဒေါက်တာဒေါ်ခင်ဝတ်ရည်လှက "ကျွန်မဒီရောက်တာ တစ်ပတ်ပဲရှိသေးတယ်။ လွိုင်ကော်ပြည်သူ့ဆေးရုံကြီးမှာ နှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ဒီဆေးရုံကို တာဝန်ကျလို့ ရောက်လာတာပါ။ လွိုင်ကော်မှာမနေဘူး။ ဒီမှာပဲနေမယ်လို့ ဆုံးဖြတ်ထားပါတယ်" ဟု ပြောကြားသည်။

(၁၆)ခုတင်ဆံ့ လောခလေးတိုက်နယ်ဆေးရုံ၌ ပြင်ပလူနာကြည့်ချိန်အဖြစ် ရုံးဖွင့်ရက်များတွင် "နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီ၊ မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီသတ်မှတ်ထားသည်။ ပြင်ပလူနာ လာရောက်ပြသမှုမှာ တစ်လလျှင်ပျမ်းမျှ ၅၀ ခန့်ရှိပြီး ဝမ်းလျှောရောဂါနှင့် ငှက်ဖျားရောဂါများ အဖြစ်များကြောင်း သိရသည်။

လောခလေးတိုက်နယ်ဆေးရုံတွင် ဆရာဝန်တစ်ဦး၊ အထက်တန်းသူနာပြုနှစ်ဦး၊ သူနာပြုနှစ်ဦး၊ သားဖွားဆရာမ နှစ်ဦး၊ ဆေးစပ်နှစ်ဦးနှင့် အထွေထွေလုပ်သားနှစ်ဦးရှိသည်။ လောခလေးတိုက်နယ်ဆေးရုံသည် ယခင်က ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လုပ်သားဆေးပေးခန်းဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လောပိတကျေးရွာ လောခလေးရှိ ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်လုပ်သားဆေးပေးခန်း (လောပိတ)ကိုလည်း ထိုနေ့မှာပင် တစ်ဆက်တည်း ဝင်ရောက်လေ့လာဖြစ်သည်။

လျှပ်စစ်လုပ်သားဆေးပေးခန်း(လောပိတ)၏ ကျန်းမာရေးမှူး ဦးသန်းထိုက်အောင်က နံနက် ၈နာရီမှ ၁၁နာရီ၊ ညနေ ၃နာရီမှ ၆နာရီအတွင်း ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစုဝင်တွေကို အခမဲ့ကုသပေးပါတယ်။ လူနာတစ်ဦးကို ဖြစ်တဲ့ရောဂါအပေါ်မူတည်ပြီး ကိုယ်ပိုင်နိုင်တဲ့ အတိုင်းအတာအထိ ကုသပေးပါတယ်။ ဒီမှာ ငှက်ဖျားအဖြစ်များကြတယ်။ ဝန်ထမ်းတွေက သာမန်ငှက်ဖျားလောက်ပဲဖြစ်တတ်ပြီး တောင်ယာလုပ်တဲ့ သူတွေကတော့ ပြင်းထန်တဲ့ ငှက်ဖျားဖြစ်လေ့ရှိတယ်။ တစ်လကို ပျမ်းမျှလူနာ ၂၀၀လောက် ကုသပေးရတယ်။ ဒေသခံတောင်သူတွေကိုလည်း ကုသပေးပါတယ်" ဟု ပြောကြားသည်။

လျှပ်စစ်လုပ်သားဆေးပေးခန်းတွင် အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးဖြင့် ကျန်းမာရေးမှူးတစ်ဦးကို တာဝန်ပေးခန့်ထားပြီး ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။ လျှပ်စစ်လုပ်သားဆေးပေးခန်းဆိုသော်လည်း ခုတင်ငါးလုံးထားရှိ၍ လူနာများအဖျားပြင်းထန်ပါက တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် နေထိုင်စေ၍ အနီးကပ်စောင့်ရှောက်မှုပေးနိုင်သည်။

လောပိတကျေးရွာသို့ ရောက်ရှိစဉ် လောပိတရေတံခွန်ကိုလည်း အချိန်ယူ၍ သွားရောက်လေ့လာဖြစ်ခဲ့ပါသည်။ လောပိတရေတံခွန်သည် တောင်ကြောပေါ်မှ တစ်ဆင့်ပြီး တစ်ဆင့် ဖြာဆင်းကျလာရာ သုံးဆင့်ရေတံခွန်ဟု ခေါ်ဆိုနိုင်သည်။ တောင်ခြေအရောက်တွင် ဘီလူးချောင်းအဖြစ် ဆက်လက်စီးဆင်းသွားသည်။ နွေရာသီဖြစ်၍ ရေစီးဆင်းမှုနည်းပါးရာ ရေတံခွန်ဖြာဆင်းမှုမှာလည်း အရှိန်မပြင်းလှချေ။ မိုးရာသီရေအားကောင်းချိန်ဆိုလျှင် ရေတံခွန်ကို အဝေးမှပင် ကောင်းစွာမြင်နိုင်ပြီး ရေတံခွန်မှပေါ်ထွက်လာသော ရေကျသံကို အဝေးက အတိုင်းသားကြားနေရသည်ဟု ဆိုပါသည်။

ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(လောပိတ) မတည်ဆောက်မီကဆိုလျှင် ရေတံခွန်ဖြာဆင်းသည့်နေရာသည် ယခုစက်ရုံ၏ ဖိအားမြှင့်ပိုက်လိုင်းသွယ်တန်းထားသော နေရာဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားပေးရေး ဘုတ်အဖွဲ့က မြန်မာပညာရှင်များနှင့် ဂျပန်ပညာရှင်များပူးပေါင်း၍ ရေအားအရင်းအမြစ်တည်ရှိရာနေရာများကို လိုက်လံရှာဖွေကြရင်း ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ၁၄မိုင်ခန့် ကွာဝေးသော ဝေးလံခေါင်ဖျားသည့် လောပိတကျေးရွာအနီးတွင် ရေတံခွန်ကြီးကို ဒဏ္ဍာရီသဖွယ်တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ လောပိတရေတံခွန်သည် ပေ ၁၆၅၀ခန့်အမြင့်မှ ဖြာဆင်းကျနေခြင်းဖြစ်ရာ ပထဝီအနေအထားအရ ရေအားဖြင့် လည်ပတ်သည့် ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် ရွေးချယ်ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ဘီလူးချောင်း အမှတ် (၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် လောပိတကျေးရွာမှာ ခွဲခြား၍မရနိုင်သော စွယ်တော်ရွက်ပမာဖြစ်နေသည်။ စက်ရုံနှင့် ကျေးရွာမှာ အပြန်အလှန် အမှီသဟဲပြုနေရသကဲ့သို့ အပြန်အလှန်အကျိုးပြုလျက်ရှိသည်။ လောပိတကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသသည် ရေခံမြေခံကောင်းသည့်ဒေသဖြစ်၍ စိုက်ပျိုးရေးဖြစ်ထွန်းသည်။ လျှပ်စစ်ဓာတ်အားနှင့် သောက်သုံးရေရရှိခြင်းတို့ကြောင့် ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ အငြိမ်းစားဝန်ထမ်းအများစုသည် စက်ရုံနယ်မြေပြင်ပရှိ လောပိတကျေးရွာတွင် အခြေချနေထိုင်လျက်ရှိကြသည်။ စက်ရုံမှ အငြိမ်းစားဝန်ထမ်းများ လောပိတကျေးရွာ၌ အခြေချနေထိုင်ကြသဖြင့် စက်ရုံနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အခက်အခဲပေါ်ပေါက်ပါက အထောက်အကူဖြစ်စေကြောင်း သိရသည်။

လောပိတကျေးရွာကလေးမှ ပြန်လည်ထွက်ခွာခဲ့သော နံနက်ခင်းသည် တန်ခူးလဆန်းဖြစ်၍ တောင်ယာမီးရှို့ရာမှထွက်လာသော မီးခိုးငွေ့များဖြင့် တောင်ကြောတစ်လျှောက် မှိုင်းပျနေလေသည်။ အရှေ့ဘက်ရှိ တောင်တန်းကြီးပေါ်မှ တရွေ့ရွေ့မြင့်တက်လာသောနေလုံးကြီးသည် ခရမ်းချဉ်သီးမှည့်တစ်လုံးပမာ နီရဲတောက်ပလျက်ရှိသည်။

လေအဝှေ့၌ ဝှေ့ဝဲကျဆင်းလာသော သစ်ရွက်ကြွေသံတဖြောက်ဖြောက်နှင့် ငှက်ငယ်လေးများ၏ ချစ်စဖွယ် တကျစ်ကျစ်အော်မြည်သံတို့က သတင်းခရီးသည်ကို နှုတ်ဆက်နေသည့်နှယ်ပင်။ လောပိတကျေးရွာကလေးသို့ မမျှော်လင့်ဘဲရောက်ရှိခဲ့ရသော်လည်း နေထိုင်ခဲ့ရသည့် ရက်သတ္တတစ်ပတ်အတွင်း စက်ရုံမှအင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် ရင်းနှီးခင်မင်ခဲ့ရပြီး လောပိတကျေးရွာနှင့် ဓာတ်အားပေးစက်ရုံကြီးတို့ကို သံယောဇဉ်တွယ်တာခဲ့ရလေသည်။ မည်သို့ပင်ဖြစ်စေ ဘီလူးချောင်းရေ တစ်ခါသောက်ဖူးရင် နောက်တစ်ခေါက် ထပ်လာရတတ်တယ်ဟူသော ဒေသခံတစ်ဦး၏ စကားမှန်ပါစေဟုသာ ဆုတောင်းရပါတော့သည်။ ။

ဇေယျာရွှေမြေအသင်း ဂိုးပြတ်နိုင်ပြီး ထိပ်ဆုံးနေရာရယူ

ရန်ကုန် မေ ၃

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်းမှာ ဆက်လက်ကျင်းပရာ ဇေယျာရွှေမြေအသင်းက မနော်မြေ F.C ကို လေးဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိခဲ့ပါတယ်။

ဇေယျာရွှေမြေ - လေးဂိုး။

မနော်မြေ - တစ်ဂိုး။

နေပြည်တော်အသင်းကို မမျှော်လင့်ဘဲ သရေကျပြီး ထိပ်ဆုံးနေရာက ဖယ်ပေးလိုက်ရတဲ့ ဇေယျာရွှေမြေအသင်းဟာ အခုပွဲမှာ ဂိုးပြတ်အနိုင်ရပြီး ထိပ်ဆုံးနေရာကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။ ဇေယျာရွှေမြေအသင်းဟာ အခုပွဲမှာ အကောင်းဆုံး ခြေစွမ်းထုတ်မပြနိုင်ခဲ့ပေမယ့် ရရှိတဲ့အခွင့်အရေးတွေကို အသုံးချနိုင်ခဲ့လို့ အနိုင်ရခဲ့တာပါ။ ရှုံးပွဲမရှိစံချိန်ကို ဇေယျာရွှေမြေအသင်းတို့ ဆက်ထိန်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာပေးလိုက်ရတဲ့ ပယ်နယ်တီ ချေပဂိုးကြောင့် ပေးဂိုးမရှိစံချိန် ကျိုးပျက်ခဲ့ရပါတယ်။

ရတနာပုံအသင်း ဝင်ရောက်ယှဉ်ပြိုင်မယ့် AFC President Cup ဘောလုံးပြိုင်ပွဲကို မေ ၉ရက်မှ ၁၄ရက်အထိ ရန်ကုန်မြို့မှာ ကျင်းပဖို့ရှိတာကြောင့် MNL အမှတ်ပေးပြိုင်ပွဲကို မေ ၁၅ရက်ကျမှ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။ ။

(မြန်မာ့အလင်း)

ဇေယျာရွှေမြေမှ ရဲဝေယံစိုး ဒုတိယဂိုးကို ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။ (မြန်မာ့အလင်း)

AFC C- လိုင်စင်နည်းပြသင်တန်း မေ ၄ရက်၌ဖွင့်မည်

ရန်ကုန် မေ ၃

အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်မည့် AFC C- လိုင်စင်နည်းပြသင်တန်းကို မေ ၄ရက်မှ ၁၆ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

ဒုတိယမြောက်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးအနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးဆက်သစ်နည်းပြဆရာကောင်းများ ပေါ်ထွန်းလာစေရန် အာရှ ဘောလုံးအဖွဲ့ချုပ်၏ အကူအညီရယူပြီး ယခုကဲ့သို့ နည်းပြသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ ယခုသင်တန်းမှာ ယခုနှစ်အတွင်း ဒုတိယမြောက်ဖွင့်လှစ်သည့် AFC C- လိုင်စင်နည်းပြသင်တန်းဖြစ်သည်။

သင်ကြားပို့ချမည်

*ယခုသင်တန်းတွင် ဖိလစ်ပိုင်နိုင်ငံသား AFC Instrutor Mr. Jose Ariston Caslib က သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းဖွင့်လှစ်ပွဲအခမ်းအနားကို မေ၄ရက် **(ယနေ့)** နံနက် ၉နာရီခွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၌ ကျင်းပ မည်ဖြစ်ပြီး သတင်းနှင့်မီဒီယာများ တက်ရောက်ရန်လည်း ဖိတ်ကြားထားကြောင်း သိရသည်။*

(အား/ကာ)

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် မေ ၃

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၁၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ နိုင်ငံတကာအဆင့်မီ ခရစ်ကက်အားကစားကွင်းကြီး ရန်ကုန်မြို့တွင် တည်ဆောက်မည်၊ ဘီအမ်ကားများ မြို့ပြင်ထုတ်ရန် အစီအစဉ်မရှိသေးဟုဆို၊ မော်တော်ယာဉ်ပျက်ပါက ပျက်သည့်နေရာအထိ လိုက်လံပြုပြင်ပေးမည်၊ သရေခေတ္တရာပျူမြို့ဟောင်းနှင့် ခေတ်ပြိုင် ပျူမြို့ဟောင်းငယ်ကို ကချင်ပြည်နယ်တွင်တွေ့ရှိ၊ မြန်မာနိုင်ငံမြို့ကြီးများတွင် အသုံးပြုနိုင်မည့် မြို့ပြမြေပုံ စနစ်ပါကားများ တင်သွင်းမည်၊ သန္တာကျောက်တန်း တူးဖော်ရောင်းဝယ်ခွင့်ကို ဆက်လက်တားမြစ်မည်၊ ပြည်ပဈေးကွက်ဝင် ကျောက်ငါးကို မြန်မာနိုင်ငံတွင် သားဖောက်အောင်မြင်၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ယခုလအတွင်း မွန်းလွဲပိုင်းနှင့် ညနေပိုင်းအချိန်များ၌ လေပြင်းများတိုက်ခတ်နိုင်၊ နိုင်ငံပိုင်စက်သုံးဆီ အရောင်းဆိုင်များကို ရေရှည်လုပ်ကိုင်နိုင်သူ လုပ်ငန်းရှင်များအား ဦးစားပေးရောင်းချနေ၊ သတင်းထောက်တို့အတွက် ကောက်သင်းကောက်စကား၊ ပထမဆုံးအကြိမ် အမြွာပူးများတွေ့ဆုံပွဲတွင် အမြွာပူးအတွဲပေါင်း ၅၀၀ခန့် တက်ရောက်၊ ပထမဆုံးအကြိမ် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲ၊ အောက်ဆီဂျင်ဖြင့် အသက်မရှူဘဲ ရှင်သန်နေနိုင်သော သတ္တဝါတွေ့ရှိ၊ ထိုင်းနိုင်ငံရေး၏ နောက်ဆုံးအခြေအနေများ၊ ယူကရိန်း ပါလီမန်အဆောက်အအုံအတွင်း၌ မီးခိုးဗုံးများဖြင့် ပစ်ခတ်ပြီး ဆန္ဒပြ၊ ကွယ်လွန်သွားသော ပိုလန်သမ္မတ၏ အမြွာညီက သမ္မတနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မည်၊ တောင်ကိုရီးယားတွင် ၂၁ မိုင်ရှည်လျားသည့် ကမ္ဘာ့အရှည်ဆုံး ပင်လယ်တံတိုင်းကြီး တည်ဆောက်ပြီးစီး၊ ကမ္ဘာဦးကျမ်းလာ နောသေဘော်အစိတ်အပိုင်းများတွေ့ရှိ၊ အိန္ဒိယအဘိုးအိုတစ်ဦး အစာရေစာမစားဘဲ နှစ်(၇၀) ကြာ နေထိုင်ဟုဆို၊ တောင်ကိုရီးယားအမျိုးသမီးတစ်ဦးက ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ် ၁၄ ခုကို ပထမဆုံး တက်ရောက်နိုင်ခဲ့၊ ကမ္ဘာ့သြဇာအရှိဆုံးပုဂ္ဂိုလ် ၁၀၀၊ ကမ္ဘာ့ညို့အားအပြင်းဆုံး အမျိုးသမီး၊ တစ်ကိုယ်လုံးသိုးမွေးများဖုံးလွှမ်းနေသော မျိုးသုဉ်းလုနီးပါးဝက်များ ဗြိတိန်တွင် ထိန်းသိမ်း၊ ရေသူမလေးခြောက်နှစ်ပြည့်ပြီ၊ ကမ္ဘာ့ပထမဆုံး စက်ရုပ်လက်ကို အသုံးပြု၍ အဝေးထိန်းခလုတ်ဖြင့် နှလုံးခွဲစိတ်ကုသမှုအောင်မြင်၊ ပြိုင်ကားတစ်စီး မြောက်တက်ကာ ကြည့်နေသည့် လူအုပ်အတွင်းသို့ ပြုတ်ကျလာ စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဖလားပုံရိပ်လွှာ

ဘရာဇီးတို့ ထပ်ဆင့်ဗိုလ်စွဲခဲ့သည့် ချီလီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

ရေးသူ-မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု-ခင်သန္တာသိန်း (မြန်မာ့အလင်း)

ချီလီ မေ ၃

လေးနှစ်တစ်ကြိမ် ပုံမှန်ကျင်းပလာခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဟာ ၁၉၆၂ခုနှစ်မှာတော့ ချီလီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါတယ်။ ချီလီနိုင်ငံကို အိမ်ရှင်အဖြစ် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ရွေးချယ်ထားခဲ့ပေမယ့် ၁၉၆၀ပြည့်နှစ်မှာ အင်အားပြင်းထန်တဲ့ ငလျင်လှုပ်ခဲ့တာကြောင့် ချီလီနိုင်ငံမှာ အဆောက်အအုံတွေပျက်စီးပြီး လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရပေမယ့် ချီလီသမ္မတက ရတောင့်ရခဲတဲ့ အခွင့်အရေးတစ်ရပ်အဖြစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အောင်မြင်အောင် လက်ခံကျင်းပခဲ့ပါတယ်။

ပါဝင်ယှဉ်ပြိုင်

၁၉၆၂ခုနှစ် ချီလီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာတော့ ခြေစစ်ပွဲဝင်ခဲ့တဲ့အသင်းပေါင်း ၅၆သင်းရှိပြီး အသင်း ၁၆သင်းသာ ကမ္ဘာ့ဖလားနောက်ဆုံးပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ အသင်း၁၆သင်းကို အုပ်စုလေးစုခွဲပြီး အုပ်စုပထမနဲ့ ဒုတိယရတဲ့အသင်းတွေဟာ ကွာတားဖိုင်နယ်ကို တက်ရောက်ခွင့်ရခဲ့ကြပါတယ်။

ရေပန်းစား

ချီလီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မကျင်းပမီကတည်းက ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့ အသင်းကတော့ ဆိုဗီယက်အသင်းပဲ ဖြစ်ပါတယ်။ ဆိုဗီယက်အသင်းဟာ တစ်ဦးချင်းစွမ်းရည်ထက်မြက်တဲ့အပြင် အသင်းလိုက်ကစားပုံလည်း ကောင်းမွန်တာမို့ ကမ္ဘာ့ဖလား ဆွတ်ခူးနိုင်မယ်လို့ ရေပန်းစားခဲ့ခြင်းဖြစ်ပါတယ်။ ချီလီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ထူးထူးခြားခြား ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိတဲ့အသင်းကတော့ ကိုလံဘီယာပဲ ဖြစ်ပါတယ်။ ကိုလံဘီယာအသင်းဟာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ပထမဆုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့ အသင်းလည်း ဖြစ်ပါတယ်။

ထူးခြားမှုများ

၁၉၆၂ ခုနှစ် ချီလီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အကြိုဗိုလ်လုပွဲမှာ ဘရာဇီးကစားသမား ဂါရင်ချာ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရပါတယ်။ ဖီဖာစည်းမျဉ်းအရ နောက်ဆုံးဗိုလ်လုပွဲမှာ ဂါရင်ချာပါဝင်ကစားခွင့် ပိတ်ပင်ခံရပေမယ့် ဘရာဇီးဘောလုံးအဖွဲ့ချုပ်က မေတ္တာရပ်ခံခဲ့လို့ နောက်ဆုံးဗိုလ်လုပွဲမှာ ဂါရင်ချာ ပါဝင်ကစားခွင့်ရခဲ့တာကလည်း ထူးခြားမှုတစ်ရပ်ပါပဲ။

ဒါ့အပြင် ငလျင်ဒဏ်ဆိုးဆိုးရွားရွားခံခဲ့ရပေမယ့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ချီလီနိုင်ငံဟာ ဘောလုံးကွင်း တည်ဆောက်မှုတွေ အမြန်ဆုံး တည်ဆောက်ခဲ့တာ ဘောလုံးပွဲမကျင်းပမီ တစ်လအလိုမှာ အကုန်ပြီးစီးခဲ့တာကလည်း အံ့သြစရာပါပဲ။ ချီလီငလျင်ဟာ သေဆုံးမှုနဲ့ ပျက်စီးမှု ကမ္ဘာ့အများဆုံး ငလျင်ကြီးတစ်ခု ဖြစ်ပါတယ်။

ဒါပေမယ့် ချီလီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ကစားပုံတွေကို တိုက်ရိုက် ရုပ်မြင်သံကြားက ထုတ်လွှင့်ဖို့ ဆက်သွယ်ရေးဂြိုဟ်တု အသင့်အနေအထားမရှိခဲ့တာမို့ တိုက်ရိုက်ထုတ်လွှင့်ပြသမှု မပြုလုပ်နိုင်ခဲ့ပါဘူး။

ဘရာဇီး

ဘရာဇီးအသင်းမှာ အသက် (၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးပီလီ ပါဝင်ကစားခဲ့

ဘရာဇီးအသင်း ဖလားကိုင်မြှောက် အောင်ပွဲခံ

ချီလီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဘရာဇီးတို့ ဗိုလ်စွဲခဲ့ပြီး ဤသို့ ဖလားကိုင်မြှောက် အောင်ပွဲခံခဲ့ကြသည်။

သလို ပွဲဦးထွက်မက္ကဆီကိုအသင်းနဲ့ ယှဉ်ပြိုင်တဲ့ပွဲမှာ ဂိုးသွင်းနိုင်ခဲ့ပါတယ်။ ဘရာဇီးအသင်းရဲ့ တိုက်စစ်မှာ ဂါရင်ချာနဲ့ ပီလီတို့ အတွဲမိပြီး ခြေစွမ်းပြနိုင်ခဲ့သလို ဗာဗာလည်း နာမည်ကြီးခဲ့ပါတယ်။ ဗာဗာအနေနဲ့ ၁၉၅၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲမှာ ပါဝင်ကစားခဲ့ပြီး ဂိုးသွင်းနိုင်ခဲ့သလို အခုချီလီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲမှာလည်း ဆက်လက်ပါဝင်ကစားခဲ့ပြီး ဂိုးသွင်းနိုင်ခဲ့ပါတယ်။ ဒါကြောင့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲနှစ်ပွဲရဲ့ ဗိုလ်လုပွဲတွေမှာ ပါဝင်ကစားပြီး ဂိုးလည်း သွင်းယူနိုင်ခဲ့တဲ့ ပထမဆုံး တိုက်စစ်မှူးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

ဂိုးသွင်းမှု

ချီလီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် အသင်း ၁၆သင်းဟာ စုစုပေါင်း ၃၂ပွဲ ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။ ပြိုင်ပွဲဝင်အသင်းများရဲ့ သွင်းဂိုးစုစုပေါင်းဟာ ၈၉ဂိုးဖြစ်လို့ တစ်ပွဲချင်း ဂိုးသွင်းနှုန်းဟာ ၂ ဒသမ ၇၈ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဒါကြောင့် ကျင်းပပြီးစီးခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်းမှာ တစ်ပွဲချင်း ဂိုးသွင်းမှု အနည်းဆုံး ဖြစ်ခဲ့ပါတယ်။

ရွှေဖိနပ်ဆုရှင်များ

ချီလီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဂိုးအများဆုံးသွင်းယူပြီး ရွှေဖိနပ်ဆုရခဲ့တဲ့သူတွေ များပြားခဲ့ပါတယ်။ ဒါ့အပြင် တစ်ဦးချင်းဂိုးသွင်းမှု စွမ်းရည်တွေလည်း ကျဆင်းခဲ့ပါတယ်။ တစ်ဦးချင်း ဂိုးအများဆုံးသွင်းယူသူတွေကတော့ ဘရာဇီးတိုက်စစ်မှူး ဗာဗာ၊ ချီလီတိုက်စစ်မှူး ဆန်ချက်ဇ်၊ ယူဂိုဆလပ်တိုက်စစ်မှူး ဂျာဂိုဗစ်၊ ဟန်ဂေရီတိုက်စစ်မှူး ဖလိုရင်အောဘတ်၊ ရုရှားတိုက်စစ်မှူး အိုင်ဗင်နော့ဗ်တို့ဖြစ်ပြီး လေးဂိုးစီသွင်းယူခဲ့ကြသူတွေ ဖြစ်ပါတယ်။

ဗိုလ်စွဲ

ချီလီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့တဲ့ အသင်းကတော့ ဘရာဇီးပဲ ဖြစ်ပါတယ်။ ဘရာဇီးအသင်းဟာ ပြီးခဲ့တဲ့ ၁၉၅၈ ခုနှစ် ကမ္ဘာ့ဖလားပွဲမှာလည်း ဗိုလ်စွဲခဲ့တာဆိုတော့ နှစ်ကြိမ်ဆက်တိုက် ကမ္ဘာ့ဖလားကို ဗိုလ်စွဲခဲ့တဲ့ တောင်အမေရိက အသင်း ဖြစ်လာပါတယ်။

ထုတ်ပယ်ခံရ

ဒါ့အပြင် ချီလီနဲ့ အီတလီတို့ ယှဉ်ပြိုင်ခဲ့တဲ့ ကွာတားဖိုင်နယ်ပွဲစဉ်မှာ အီတလီကစားသမားနှစ်ဦး အနီကတ်ပြ ထုတ်ပယ်ခံရလို့ ကိုးဦးတည်းနဲ့ ကစားခဲ့ရတာကလည်း ထူးခြားမှုတစ်ရပ်ပါပဲ။ ပွဲအပြီးမှာ နှစ်ဖက်ကစားသမားတွေ ပြဿနာဖြစ်ခဲ့ကြလို့ ရဲတပ်ဖွဲ့ဝင်တွေ ထိန်းသိမ်းခဲ့ရပါတယ်။

ဒါပေမယ့် ချီလီကမ္ဘာ့ဖလားပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံ ကျင်းပပေးနိုင်ခဲ့လို့ ချီလီနိုင်ငံကို ကမ္ဘာက အသိအမှတ်ပြုခဲ့ကြပါတယ်။ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုတွေ၊ သေဆုံးဒဏ်ရာရရှိမှုတွေကြားက ရုန်းထပြီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့တာမို့ ကမ္ဘာ့ပြည်သူတွေက ချီးကျူး ထောမနာပြုခဲ့ကြပါတယ်။ ။

ကိုးကား-အင်တာနက်

တောင်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာဖွယ်

နေပြည်တော် မေ ၃

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လွိုင်ကော်မြို့တွင် ၀ ဒသမ ၃၆ လက်မ၊ မိတ္ထီလာမြို့တွင် ၀ ဒသမ ၂၄ လက်မ၊ တောင်ကြီးမြို့တွင် ၀ ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၄ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စကားကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

ရန်ကုန် မေ ၃

နိုင်ငံရပ်ခြားသို့ အမျိုးမျိုးသော ရည်ရွယ်ချက်ကောင်းများဖြင့် သွားရောက်ကြမည့် လူငယ်များအတွက် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုသင်တန်းများကို CROWN Education က ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။ မေလ ပထမပတ်တွင် နိုင်ငံခြားတက္ကသိုလ်၊ ကောလိပ်များသို့ တက်ရောက်မည့်သူများအတွက် သင့်လျော်သော English for 21st Century Lifestyle သင်တန်း။

သင်ကြား

နိုင်ငံရပ်ခြား စီးပွားရေးလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်မည့်သူများအတွက် English for Business သင်တန်း၊ အင်္ဂလိပ်စာအခြေခံကောင်းများ ရရှိစေရန်အတွက် ဗြိတိန်နိုင်ငံ LCCIမှ သင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားမည့် JET SET English Courses၊ စင်ကာပူနိုင်ငံမှ အစိုးရတက္ကသိုလ်၊ ကောလိပ်၊ ပိုလီကျောင်းများ၏ ဝင်ခွင့်စာမေးပွဲများ အောင်မြင်စွာဖြေဆိုနိုင်ရန် ပြင်ဆင်ပေးမည့် School Admission Test Preparation Course များနှင့်အတူ အလုပ်အကိုင်အတွက် ကြိုတင်ပြင်ဆင်မှုများ လွယ်ကူစေရန် Job Hunting ကိုပါ ထည့်သွင်းသင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

စုံစမ်း

ထို့အပြင် သင်တန်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူများအားလုံး အင်္ဂလိပ်ဘာသာစကားကို အခက်အခဲမရှိ အစဉ်စိတ်အားတက်ကြွစွာ လေ့လာနိုင်စေရန်အတွက် အထူးအစီအစဉ်အနေဖြင့် အင်္ဂလိပ်စကားပြောလေ့ကျင့်ရန် Conversation Club၊ အင်္ဂလိပ်စကားနားထောင်စွမ်းရည်မြင့်တက်စေရုံသာမက ဗဟုသုတများပါ ကြွယ်ဝစေမည့် (i movies) Screenings အစီအစဉ်၊ ပညာရေး၊ နည်းပညာ၊ အနုပညာနယ်ပယ်များမှ မိမိသိလိုသည့် အကြောင်းအရာ ခေါင်းစဉ်များကို ကျောင်းသား ကျောင်းသူများ ကိုယ်တိုင် အလှည့်ကျတောင်းဆိုသည့်အတိုင်း လစဉ်စီစဉ်ကျင်းပပေးမည့် Seminars On Demand စသည့် အစီအစဉ်များကို အခမဲ့ တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။ အသေးစိတ် သိလိုပါက ဖုန်း-၂၁၆၇၅၀၊ ၅၂၄၈၂၁၊ ၂၁၁၈၈၈၊ လိုင်းခွဲ- ၂၂၈၊ ၂၂၉ တွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒါသင့်နိုင်ငံ မီးဘေးရန်အမှန်ကင်းပါစေ

မေလထုတ် ငွေတာရီမဂ္ဂဇင်းထွက်နေပြီ

ရန်ကုန် မေ ၃

ကျော်ဖြိုးစံ၏ ပန်းချီလက်ရာနှင့်အတူ သိပ္ပံစိုးမြင့်နိုင်၊ ညွန့်ဝေ(ကသာ)၊ စိုးတင့်ထူး (မအူပင်)၊ မောင်ဟေမာကို (တက္ကသိုလ်)၊ ဇော်နောင်၊ မောင်ကြင်နွယ်၊ နန္ဒာမိုးကြယ်၊ သန်းအောင်(အညာမြေ)၊ မောင်လွမ်းနွယ်(အောင်လံ)၊ အနီ၊ ဖိုးရှန်နိုင်(ကျောက်ကြီး)တို့၏ ရသစုံကဗျာပုံရိပ်များနှင့်အတူ တင်အောင်နီ၊ မြေဇာ၊ ငွေကြည်၊ သစ်ထွဏ်း၊ သုရမိုးတို့၏ ကာတွန်းလက်ရာများအပါအဝင် ရှင်ဉာဏ(ဖျာပုံ)၊ ချစ်စံဝင်း၊ မကြန်၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ မြင်းမူမောင်နိုင်မိုး၊ စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ မောင်ခင်မင်(ဓနုဖြူ)၊ ဓမ္မဝေပုလ္လအရှင်သုန္ဒရ၊ နိုင်ဇော်၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ ညောင်ဦးဖိုးချို၊ လှဘုန်းအောင်၊ ခင်မောင်ညို (ဘောဂဗေဒ)၊ မြင့်ဆွေ(မျက်စိအတု)၊ ဂွမ်းဖြူဇင်၊ သော်ဇင်သစ်၊ မြသိန်း၊ နိုင်လင်းဟန်၊ ဗိုလ်ကလေးတင့်အောင်၊ ပီကျော်ဟန်၊ တက္ကသိုလ်သန်း၊ ရဲမာန်ခ၊ သက်နှင်းအောင်၊ မောင်ကြည်သစ်ဦး၊ ဒေါက်တာဦးစံတင်အောင်(ရွှေဘို)တို့၏ သုတရသဆောင်းပါးများ၊ ကိုပိုက်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ နေမျိုးသန့်၊ မင်းယုဝေ၊ မေဖြူဇင်၊ မြင့်ဝင်းနီတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များကို နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည်ဖြစ်သည်။

ဝယ်ယူဖတ်ရှုနိုင်

ငွေတာရီမဂ္ဂဇင်းကို အမှတ်(၁၈၁) ၃၂ လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၇၁၂၄၄နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅) ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၈၂၇၃တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက် (အဖိတ်နေ့)

၄-၅-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ရေအကျိုးဆယ်ပါး မတောင်းဘဲပြည့်စေသား
၈း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၀ ၈။ **မေမေ့အမှား**
၈း၂၅ ၉။ နှောင်းခေတ်တေးပဒေသာ
၈း၄၀၁၀။ International News
၈း၄၅၁၁။ အတီးပြိုင်ပွဲ

ညပိုင်း

၃း၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (ဥဿာယူနိုက်တက် F.C နှင့် ဇွဲကပင်ယူနိုက်တက် F.C)
၅း၁၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၅း၃၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၄၅ ၄။ ရင်မှာစွဲထင် တေးအလှသံစဉ်
၆း၀၀ ၅။ ညနေခင်းသတင်း
၆း၁၅ ၆။ မိုးလေဝသအခြေအနေ
၆း၂၀ ၇။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅ ၈။ ဆိုလိုက်ကြစို့
၇း၀၀ ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၁၈)
၈း၀၀၁၀။ ပြည်တွင်းသတင်း
၁၁။ နိုင်ငံတကာသတင်းများ
၁၂။ မိုးလေဝသအခြေအနေ
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၁၂)
၁၄။ ရုပ်ရှင်ပဟေဠိ
၁၅။ အစီအစဉ်ပြီး၏။

ထိမ်းမြားမင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ
(ဦးတင်မောင်ဝင်း)(ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)နှင့်
ဒေါ်မြဝင်း(ခ)ဒေါ်မြမြဝင်းတို့၏သားငယ်၊ မဝင်းနုနုဝင်း၊
မစုသွယ်သွယ်ဝင်းတို့၏မောင်ငယ်

မောင်ဉာဏ်ပေါ်ထွန်း

B.Sc (Business Computing & IT, UOW), CCNA, MCITP, ITIL

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဗိုလ်မှူးကျော်ဇော(ငြိမ်း)(MD, JCS Automation Co., Ltd.)နှင့်ဒေါ်စန်းစန်းမြင့်(အထပြ-ငြိမ်း)တို့၏သမီးငယ်၊
ကိုအောင်သန့်ကျော်(GM, JCS Automation Co., Ltd.)၏ညီမငယ်

မအေးမြသီတာကျော်

B.Sc [Computer Science, VU(Aus:)]
System Analyst & Application Consultant, OBS Financial Solution, Singapore

တို့၏ ၂၉-၄-၂၀၁၀ရက်(ကြာသပတေးနေ့) မင်းကွန်းတိပိဋကကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအလှူ၊ ၁-၅-၂၀၁၀ရက်(စနေနေ့) Traders Hotel (Myanmar Ballroom) တွင်ကျင်းပပြုလုပ်သော ဘိသိက်မင်္ဂလာညှော်ခံပွဲနှင့် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မြန်မာ့သစ်လုပ်ငန်းနှင့် စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဘိသိက်သွန်းလောင်းချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်မျိုးမြင့်နှင့်ဇနီး ဒေါ်မာမာအေးအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်မောင်မြင့်နှင့်ဇနီး ဒေါ်ကြူကြူစိန်တို့အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်မြောက်ပိုင်းခရိုင် ဥပဒေအရာရှိ ဦးဇော်လင်းမောင်နှင့်ဇနီး၊ အသိသက်သေများဖြစ်ကြသော ဦးကျော်ဆန်းဦး(ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)နှင့်ဇနီး ဒေါ်ကြည်ကြည်ဌေးတို့ အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မမြတ်ဆုငြိမ်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မအိမ့်သီရိသူနှင့် မခိုင်မာမျိုးမြင့်၊ သတို့သားအရံ မောင်အောင်ကိုကိုနှင့် မောင်ဖြိုးဝေဦး၊ သတို့သမီးအရံ မသင်းသင်းဥက္ကာနှင့် မဇင်ဦးလှိုင်တို့အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မိတ်ကပ်နှင့် ဆံပင်အလှပြင် ခင်စန်းဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော ပြည့်စိုးအောင်နှင့် အဖွဲ့အားလည်းကောင်း၊ ဘိသိက်မင်္ဂလာအခမ်းအနားနှင့် ပန်းအလှပြင် ဝင်းစန္ဒာကြီးနှင့်အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင် စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ယဉ်ဂိုချမ်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲဖိတ်စာများကို စိတ်တိုင်းကျစီစဉ်ရိုက်နှိပ်ပေးသော Dagon ပုံနှိပ်တိုက်နှင့် The Card Romm S'pore တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင်ဒေါ်နှင်းရီသန့်အားလည်းကောင်း၊ မင်္ဂလာတေးသီချင်းများ သီဆိုဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့အားလည်းကောင်း၊ Traders Hotel မှ မန်နေဂျာ ဒေါ်ကြည်ကြည်သိန်းနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဉာဏ်ပေါ်ထွန်း-မအေးမြသီတာကျော်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုင်ဆောင်သော GSM တယ်လီဖုန်းနံပါတ် ၀၉-၅၀-၂၅၂၆၉သည် ၃-၅-၂၀၁၀ရက် မွန်းတည့် ၁၂ နာရီဝန်းကျင်တွင် တောင်ဒဂုံစက်မှုဇုန်အနီး၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ကိုအောင်နိုင်ဦး ဖုန်း-၀၉-၈၆-၀၁၂၂၃၊ ၀၉-၅၄-၀၁၈၅၁။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်ရိပ်သာလမ်း၊ ၂၆/ခ နေ ဦးကျော်အုန်း-ဒေါ်နီနီဝင်း(နေဝေမိတ်ကောင်းကုမ္ပဏီ)တို့၏သားကြီး
မောင်ရန်အောင်ဗလ-မခင်စန္ဒာကျော်တို့၏အစ်ကို

မောင်ကျော်ဇောဝင်း(ခ)ဖိုးခွား

B.Sc (Computing and Information System)
London Metropolitan University(UK)
Senior Software Engineer(Point Star Pte.,Ltd., Singapore-Google Authorized Reseller)

နှင့်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ သီးသန့်(၁)ရပ်ကွက်၊ ၅လမ်း၊ ၄၇၃/ခ နေ
ဦးကျင်ထွန်း(ခ)ဦးဖိုးထောင်-ဒေါ်ခင်မာဦးတို့၏သမီးကြီး၊ မောင်မော့ဆက်၏အစ်မ

မနွေးနွေး

B.C.Sc
(University of Computer Studies, Yangon)
Associate (KPMG Advisory Services Pte., Ltd ., Singapore)

တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူခွင့်ပြုချက်အရ ၁-၅-၂၀၁၀ရက်တွင် Singapore နိုင်ငံ Rom Solemniser Mr . Wee Pang Kiat ၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးပြီး Toa Payoh Burmese Buddhist Temple, Singapore တွင် မင်္ဂလာဆွမ်းကျွေးညှော်ခံပွဲ ကျင်းပပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇောဝင်း-မနွေးနွေး။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ဂျိုးဖြူလမ်း၊ အမှတ် ၁၉ နေ
ဦးခင်မောင်အေး[အင်ဂျင်နီယာချုပ်၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း(ငြိမ်း)]-ဒေါ်ခင်လှကြည်တို့၏သား

မောင်ဟန်မင်းအေး

A.G.T.I(Civil), B.Econ(Economics), Holcim Singapore Ltd.

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး ၉၃ လမ်း၊ အမှတ် ၁၀၇နေ
ဦးညွန့်မောင်-ဒေါ်သန်းအေးတို့၏သမီး

မသက်ထက်ဦး

A.G.T.I(Civil), B.A(Business Management)

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများ၏သဘောတူညီချက်အရ ၂၉-၄-၂၀၁၀ရက်တွင် လက်မှတ်ရေးထိုး ထိမ်းမြားလက်ထပ်ပြီးစီး၍ ၁-၅-၂၀၁၀ ရက်တွင် မင်္ဂလာဦးဆွမ်းကျွေးပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဟန်မင်းအေး-မသက်ထက်ဦး။



သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကလေးမြို့နယ်၊ အောင်ပန်းမြို့၊ အမှတ် ၁၈၇၊ ညောင်ပင်ထောင် ရပ်ကွက်နေ ဦးဟာရှင်-ဒေါ်ဖရီသားတို့၏သားဖြစ်သူ မောင်မျိုးအောင်(ခ) ကာလူး ၁၃/ကလန (နိုင်)၀၆၃၉၃၀ သည် မိဘစကား နားမထောင်ဘဲ ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များ ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးဟာရှင်-ဒေါ်ဖရီသား။

ပြင်ဆင်ဖတ်ရှုပါရန်

၃-၅-၂၀၁၀ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၁၇ပါ ပြည်ထောင်စုမြန်မာနိုင်ငံတော် စာရင်းစစ်ချုပ်ရုံး လျှောက်လွှာခေါ်ယူခြင်းကြော်ငြာတွင် မိုင်းတုံမြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သင့်သွေးဖြင့် အသက်ကယ်ပါ

မြောင်းမြဒေါ်ချို မုန့်ဟင်းခါးဆိုင်သစ်ဖွင့်လှစ်ခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သံသုမာလမ်းမကြီး၊ သုဝဏ္ဏပန်းခြံဘေး၊ စစ်ကိုင်းစာသင်တိုက်မုခ်ဦးရှေ့၊ ကျောင်းလမ်းမှတ်တိုင်အနီးတွင် မြောင်းမြဒေါ်ချို မုန့်ဟင်းခါးဆိုင်သစ်ကို ၆-၅-၂၀၁၀ ရက်(ကြာသပတေးနေ့)တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်ပါ၍ မိတ်ဟောင်းမိတ်သစ်များ ကြွရောက်အားပေးပါရန် အသိပေး ဖိတ်ကြားအပ်ပါသည်။

မြောင်းမြဒေါ်ချိုမိသားစုမုန့်ဟင်းခါး။

အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် ဇီဝလုံခြုံမှုဆိုင်ရာသင်တန်း မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ၌ဖွင့်

ရန်ကုန် မေ ၃

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် JAFA(မေခကုမ္ပဏီ)တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် ဇီဝလုံခြုံမှုဆိုင်ရာသင်တန်းဖွင့်ပွဲကို မေ ၃ ရက် နံနက် ၈ နာရီက မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ စာကြည့်တိုက်၌ ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရန်ကုန်တိုင်းဦးစီးမှူး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဟောပြောပို့ချ

ဆက်လက်၍ သင်တန်းပထမနေ့တွင် မှော်ဘီမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဒေါ်ခင်နွဲ့ရီက တိရစ္ဆာန် ခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒဆိုင်ရာကို လည်းကောင်း၊ ဒေါက်တာ ကျော်ကျော်ဦးက ကျန်းမာသော တိရစ္ဆာန် သွင်ပြင်လက္ခဏာနှင့် တိရစ္ဆာန် အစာအာဟာရ (အခြေခံသဘောတရား) ကိုလည်းကောင်း ဟောပြောပို့ချသည်။

ငါးရက်ကြာ

သင်တန်းသို့ သင်တန်းသား ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၃ရက်မှ ၇ရက်အထိ ငါးရက်ကြာပို့ချမည် ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မီးသတ်တပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်ဝတ်စုံအတွက် အလှူငွေပေးအပ်

ရန်ကုန် မေ ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်၏ ဝိမုတ္တရသတန်ဆောင်းတွင် မတ် ၂၃ရက် ညနေ ၅ နာရီက မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ဝတ်စုံ ပေးအပ်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

ပေးအပ်လှူဒါန်း

ယင်းအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖအဖွဲ့များ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုဦးနှင့် မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူးနှင့် တပ်ခွဲမှူးများ တက်ရောက်ကြပြီး မီးသတ်ဝတ်စုံ ၃၅စုံအတွက် အလှူငွေကျပ် ၂၂၅၀၀၀ကို မြို့မိမြို့ဖ ဥက္ကဋ္ဌ ဦးထိန်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဌေးတို့က အရန်မီးသတ်ဒုတိယတပ်ရင်းမှူး ဦးရီဝင်းနှင့် တပ်ခွဲမှူး ဦးကျော်သူမိုးဆွေတို့အား ပေးအပ်လှူဒါန်းကြသည်။

(၁၁၆)

အလှူရှင် ဦးကျော်ဝင်း-ဒေါ်သန်းသန်းဌေး(စက်မှု) မိသားစုတို့က လှူဒါန်းသော ငွေကျပ် သိန်းတစ်ရာကျော် တန်ဖိုးရှိ အလျားပေ ၁၀၀၀ ကျော်၊ အကျယ် ၁၄ ပေရှိ ပြည်တော်အေးကတ္တရာလမ်းသစ်ဖွင့်ပွဲကို မေ ၂ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၂)ရပ်ကွက် အဆိုပါလမ်းထိပ်တွင်ကျင်းပရာ အလှူရှင်မိသားစုက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၀၀)

ဥရုဂွေးသမ္မတနိုင်ငံ၏ သမိုင်းကြောင်း ....

နိုင်ငံတကာသတင်းအက်ဆေး **တိုး-ရေးသားသည်**

ဥရုဂွေးနိုင်ငံသည် တောင်အမေရိကတိုက်တောင်ပိုင်း အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းရိုးတန်းဒေသ၌ တည်ရှိသည်။ ဤနိုင်ငံသည် တောင်အမေရိကတိုက်တွင် အခြားသော နိုင်ငံများထက် အစဉ်အလာအရ ပိုမိုပြည့်စုံ အဆင်ပြေသည်။ ခေတ်မီပညာရေးနှင့် လူမှုဖူလုံရေးစနစ်များ၊ လင်မယားကွာရှင်းမှု ကဲ့သို့သော လူမှုရေးကိစ္စများတွင် အကျုံးဝင်သည့် စည်းကမ်းတင်းကျပ်မှုမပြုသော ဥပဒေများနှင့်ပတ်သက်၍လည်း ဤနိုင်ငံက ထင်ရှားကျော်ကြားသည်။ ဤနိုင်ငံသည် လက်တင်အမေရိကတွင် ပထမဆုံး လူမှုဖူလုံရေးစနစ် ထူထောင်သည့်နိုင်ငံများတွင် ပါဝင်သည်။

၁၅၁၆ခုနှစ်က စပိန်ရေကြောင်းပြ ဂျူအန်ဒိုင်းဆိုလစ်ကို တိုင်းရင်းသား ဒေသခံများက ကွပ်မျက်လိုက်သည်။ ၁၇၂၆ ခုနှစ်တွင် စပိန်တို့က ဥရုဂွေးကို ပေါ်တူဂီထံမှ သိမ်းယူသည်။ တိုင်းရင်းသား အများအပြားကိုလည်းသတ်ဖြတ်ချေမှုန်းသည်။ ၁၇၇၆ ခုနှစ်တွင် ဤနိုင်ငံသည် လာပလာတာစပိန်ပိုင်နယ်မြေ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။ ယင်း၏မြို့တော်မှာ ဗျူနို့စ်အေရိစ်ဖြစ်သည်။

ဆန့်ကျင်ပုန်ကန်

၁၈၀၈ခုနှစ်တွင် စပိန်ဘုရင်ကို ပြင်သစ်ဧကရာဇ် နပိုလီယံဘိုနာပတ်က အောင်နိုင်ပြီးနောက် ဥရုဂွေးသူပုန်တို့ကလည်း လာပလာတာ ဘုရင်ခံချုပ်အာဏာကို ဖီလာဆန့်ကျင် ပုန်ကန်ကြသည်။

၁၈၁၂-၁၈၂၀ ခုနှစ်များတွင် လာပလာတာမြစ် အရှေ့ဘက်ကမ်းသာ ဥရုဂွေးပြည်သူများက ကျူးကျော်သူ အာဂျင်တီးနားနှင့် ဘရာဇီးတို့ကို တိုက်ခိုက်သည်။ ဥရုဂွေးသမ္မတနိုင်ငံ၏ အစိတ်အပိုင်းအချို့ကို သူ့နိုင်ငံဟု တောင်းဆိုခြင်းကို ၁၈၂၈ ခုနှစ်တွင် ဘရာဇီးနှင့် အာဂျင်တီးနားတို့က စွန့်လွှတ်သည်။

ပြည်တွင်းစစ်

၁၈၃၈-၆၅ ခုနှစ်အတွင်း အနာဂတ်တွင် ကွန်ဆာဗေးတစ်ပါတီဖြစ်မည့် ဘလန်ကော့ (လူဖြူများ)နှင့် အနာဂတ်တွင် လစ်ဘရယ်များဖြစ်မည့် ကိုလိုရာဒိုများအကြား ပြည်တွင်းစစ်ဖြစ်သည်။

အစားထိုး

၁၉၀၃-၁၅ ခုနှစ်အတွင်း သမ္မတ သက်တမ်းနှစ်ဆက်တွင် သမ္မတဟိုဆေးဘက်ထလီ အော်ဒိုနက် (ပြုပြင်ပြောင်းလဲရေးသမား)က အမျိုးသမီးများအား ဆန္ဒမဲပေးခွင့်များ အပ်နှင်းသည်။ လူမှုဖူလုံရေး စနစ်ထူထောင်သည်။ သေဒဏ်ဖျက်သိမ်းပေးသည်။ ၁၉၃၃ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းပြီးနောက် အတိုက်အခံ အုပ်စုများကို နိုင်ငံရေးတွင် ပါဝင်ခွင့်မပေးတော့။ ၁၉၅၁ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ သမ္မတကို အဖွဲ့ဝင် ကိုးဦးပါဝင်သည့် ကောင်စီဖြင့် အစားထိုးလိုက်သည်။

ပိုဆိုးလာ

၁၉၇၃ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းကာ နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံမှုကို အားပေးမည်ဟု အာမခံသည်။ သို့သော် အလွန်အကျွံ ဖိနှိပ်မှုကြောင့် ဤနိုင်ငံမှာ လက်တင်အမေရိက၏ ညှဉ်းပန်းနှိပ်စက်မှု ငရဲခန်းအဖြစ် နာမည်ရခဲ့သည်။ ၁၉၈၄ခုနှစ် ဖိနှိပ်မှုကို ဆန့်ကျင်အုံကြွ ကန့်ကွက်လာသည်။ စီးပွားရေးအခြေအနေ ပိုဆိုးလာသည်။

စစ်ဆေး

၁၉၈၅ခုနှစ်တွင် စစ်ဘက်နှင့် နိုင်ငံရေးခေါင်းဆောင်များ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ အုပ်ချုပ်ရေးပြန်စရန် သဘောတူသည်။ နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးသည်။ ဗျူလီယိုမာရီယာ သမ္မတဖြစ်လာသည်။ ၁၉၉၄ခုနှစ်တွင် သမ္မတအဖြစ် အရွေးခံရသည်။ ၁၉၉၉ခုနှစ်တွင် ဂျော့ဘက်ဝဲ သမ္မတအဖြစ် အရွေးခံရသည်။ ၂၀၀၀ပြည့်နှစ်တွင် စစ်အာဏာရှင် အုပ်စိုးစဉ်က ပျောက်ဆုံးသူ ၁၆၀တို့ အရေးကို ကော်မရှင်က စတင်စုံစမ်းစစ်ဆေးသည်။

ဤနိုင်ငံသည် တောင်အမေရိကတိုက်တွင် အခြားသော နိုင်ငံများထက် အစဉ်အလာအရ ပိုမိုပြည့်စုံ အဆင်ပြေ။ ခေတ်မီပညာရေးနှင့် လူမှုဖူလုံရေးစနစ်များ၊ လင်မယားကွာရှင်းမှု ကဲ့သို့သော လူမှုရေးကိစ္စများတွင် အကျုံးဝင်သည့် စည်းကမ်းတင်းကျပ်မှုမပြုသော ဥပဒေများနှင့်ပတ်သက်၍လည်း ဤနိုင်ငံက ထင်ရှားကျော်ကြား။

ကျင့်သုံး

၂၀၀၄ခုနှစ်ကုန် သမ္မတရွေးကောက်ပွဲတွင် လက်ဝဲသမား တာဘာရီဗက်ကွက် အနိုင်ရပြီး ၂၀၀၅ခုနှစ် မတ်လတွင် ရာထူးလက်ခံသည်။ ၄င်းအနိုင်ရခြင်းမှာ ဘရာဇီး၊ ဗင်နီဇွဲလား၊ ချီလီနှင့် အာဂျင်တီးနားတို့၌ လက်ဝဲအစိုးရများ အသီးသီးထွက်ပေါ်လာသည်။ ဒေသအတွင်း ဖြစ်ပေါ်တိုးတက်မှုအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အစိုးရက သုံးသပ်သည်။ မည်သို့ဆိုစေ သမ္မတသစ်အနေဖြင့် ပြည်သူတို့၏ ဆင်းရဲမွဲတေမှု သက်သာပပျောက်ရေး ဦးစားပေးကာ သဘောထားပျော့ပျောင်းသည့် နိုင်ငံရေးလမ်းစဉ်ကို ချမှတ်ကျင့်သုံးသည်။

အကျပ်ရိုက်

မွေးမြူရေးလုပ်ငန်းအပေါ် မှီခိုမှုမှာ ကမ္ဘာ့ဈေးကွက်ပျက်မှုမှ ဈေးနှုန်းအတက်အကျလိုက်၍ အကျိုးပျက်မှု ကြုံရသည်။ ခရီးသွားလုပ်ငန်းမှာလည်း ဘရာဇီးနှင့် အာဂျင်တီးနား စီးပွားရေးကျဆင်းမှုတို့ကြောင့် ၂၀၀၂ခုနှစ်တွင် စီးပွားရေးအကျပ်ရိုက်ခဲ့သည်။

တိုးတက်ရေး

ဥရုဂွေးပြည်သူအများစုမှာ ဥရောပနွယ်ဖွား အထူးသဖြင့် စပိန်နှင့် အီတလီ အနွယ်ဝင်များ ဖြစ်ကြသည်။ ကိုလိုနီခေတ်၌ မြို့များ၊ လှပသောကမ်းခြေ အပန်းဖြေနေရာများ၊ တစ်နှစ်ပတ်လုံး သာယာသည့် ရာသီဥတုတို့က ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် အလားအလာကောင်းများ ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

ဘဝဒဿန

* ***The is the greatest of all doctors.***
If given a chance, it can cure most of the ills that men gripe about.

အချိန်သည် သမားတော်အားလုံးအနက် အကောင်းဆုံးသမားတော်ဖြစ်သည်။ လူအများညည်းညူနေကြသော ဒုက္ခအများစုကို အချိန်က ကုစားပေးနိုင်သည်။

* ***When hope dines, opportunity seldom attends the funeral.***

မျှော်လင့်ချက်မဲ့ပါက အခွင့်အရေးလည်း ပျောက်ဆုံးမည်သာ။

* ***Hope and faith are the two willing servants of Successful men.***

အောင်မြင်သောပုဂ္ဂိုလ်များ၏ ကျိုးနွံသောတပည့်နှစ်ဦးမှာ ယုံကြည်မှုနှင့် မျှော်လင့်ချက်တို့ပင် ဖြစ်သည်။

(ချားလ်စ်ဝီလျံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊
မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာတစ်လွှားထူးထူးခြားခြား

❖ စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ ❖ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

ကမ္ဘာ့အကြီးဆုံး ကြက်ဥကြော်

ကနေဒါနိုင်ငံ အွန်တာရီရိုမြို့ရှိ ဘီအမ်စီစင်တာ၌ စားဖိုမှူးများစုပေါင်းကာ ကမ္ဘာပေါ်တွင် အကြီးဆုံးကြက်ဥကြော်ကို ပြုလုပ်ခဲ့ကြသည်။ ထိုသို့ ပြုလုပ်ရာတွင် ကြက်ဥအလုံးပေါင်း ၁၀၀၀၀ ခန့်ဖြင့်ကြော်ခဲ့ခြင်းဖြစ်သည်။ ယင်းကြက်ဥကြော် သည် အလေးချိန် ပေါင် ၆၅၁၀ရှိရာ ကမ္ဘာ့အကြီးဆုံးကြက်ဥကြော်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အပေါ်ပုံ)

(အင်တာနက်)

ကမ္ဘာ့အကြီးဆုံး အသားနှင့် ဟင်းသီးဟင်းရွက်ကြော်

တောင်အမေရိကနိုင်ငံ ကလက်စ်ဒေါ့ပ်မြို့၌ မကြာမီက ပြုလုပ်ခဲ့သော အသားနှင့်ဟင်းသီးဟင်းရွက်ကြော်သည် ကမ္ဘာပေါ်တွင် အကြီးဆုံးအသားနှင့်ဟင်းသီး ဟင်းရွက်ကြော်အဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ ယင်းအသားနှင့်ဟင်းသီးဟင်းရွက်ကြော်ကို ကလက်စ်ဒေါ့ပ်မြို့ ဝက်စ်ဗာလီရာ အဆင့်မြင့်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ ချက်ပြုတ်ကြော်လှော်ရာတွင် အသား ၁၄၀၀ ကီလိုဂရမ်နှင့် ဟင်းသီးဟင်းရွက်အလေးချိန်ကီလိုဂရမ် ၅၀၀ တို့ ပါဝင်သည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် အကြီးဆုံးအသားနှင့်ဟင်းသီးဟင်းရွက်ကြော်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အောက်ပုံ)** **(အင်တာနက်)**

အမျိုးသမီးဦးရေအများဆုံး ဘဲလေးအက

ရုရှားနိုင်ငံ မော်စကိုမြို့၌ မကြာမီက ကျင်းပခဲ့သော စုပေါင်းဘဲလေးအက ပွဲတော်တွင် ရုရှားနိုင်ငံတစ်ဝန်းရှိ မြို့၁၆ မြို့မှ အကဝါသနာရှင်အမျိုးသမီးစုစုပေါင်း ၁၃၀၀၀ တို့က စုပေါင်းဆင်နွှဲခဲ့ကြသည်။ ထိုသို့ စုပေါင်းဘဲလေးအကဆင်နွှဲခြင်းသည် ကမ္ဘာပေါ်တွင် အမျိုးသမီးဦးရေအများဆုံး ဘဲလေးအကပွဲတော်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။(အပေါ်ပုံ)

(အင်တာနက်)

စဉ့်ကူး မကွေးတာရာရွာ၌ အမကကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

စဉ့်ကူး မေ ၃၀

စဉ့်ကူးမြို့နယ် ရွှေဂုံတိုင်ကျေးရွာအုပ်စု မကွေးတာရာကျေးရွာ အမှတ် (၅၅) အခြေခံ ပညာ မူလတန်းကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ် ၃၀ ရက်က အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမောင်လှ၊ မြို့နယ်ပညာရေးမှူး ဦးပေါင်ဇနန်နှင့် ကျောင်းအုပ်ဆရာကြီး ဦးအောင်စီ(ငြိမ်း)တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ) အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမောင်လှ၊ မြို့နယ်ပညာရေးမှူး ဦးပေါင်ဇနန်နှင့်ကျေးရွာဥက္ကဋ္ဌ ဦးတိုးအောင်တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဆန်းလွင်က ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင် ဦးနန်းအောင်က ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့် ပတ်သက်သည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဆန်းလွင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် အထောက်အထား စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဦးပေါင်ဇနန်ထံသို့ လွှဲပြောင်းပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (မြို့နယ် ပြန်/ ဆက်)

မြို့နယ် သတင်း ထွေထွေ

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လတ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေ၊ တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့နှင့်အတူ ထွက်နီကျေးရွာ သောက်သုံးရေကန် ပြန်လည်တူးဖော်ပြုပြင်မည့် အခြေအနေကို မတ် ၁ရက်က သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အင်းတော် ပိန်းအင်းကျေးရွာ အမကကျောင်းဆောင်လွှဲအပ်

အင်းတော် ဧပြီ ၂၈

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် မအူကုန်းကျေးရွာအုပ်စု ပိန်းအင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်း ပေးအပ်ပွဲကို ဧပြီ ၁၀ ရက် နံနက်က အဆိုပါကျောင်း၌ ကျင်းပသည်။

လက်ခံယူ

ရှေးဦးစွာ ကျောင်းဆောင်သစ် မှခ်ဦးကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်စိုး၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးကျော်လွင်နှင့် ပိန်းအင်းကျေးရွာ ရပ်မိရပ်ဖဦးစံရှင်တို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြပြီး အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကျော်လွင်တို့က အမှာစကားပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာမြင့်က ကျောင်းသမိုင်းကို ဖတ်ကြားသည်။ ထို့နောက် ကျောင်းနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းသားမိဘ ဦးဆန်းဝင်းက ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ကိုယ်စား လက်ထောက် မြို့နယ် ပညာရေးမှူး ဦးကျော်လွင်က လက်ခံယူသည်။

ပေးအပ်

ဆက်လက်၍ အထိမ်းအမှတ်အလံများကို မိဘတစ်ဦးကပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်စိုး၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးကျော်လွင်နှင့် အတွင်းရေးမှူး ဦးချစ်ဆွေတို့က လက်ခံယူကြပြီး ကျောင်းသား မိဘတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ (၀၁၀)

ကောလင်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းဝေး

ကောလင်း ဧပြီ ၂၁

ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို မတ် ၃၀ရက်က စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)နှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က အမှာစကားပြောကြားသည်။

ဆွေးနွေးညှိနှိုင်း

ထို့နောက် အဖွဲ့ဝင်များ၏ သာရေးနာရေး၊ လူမှုရေးကိစ္စရပ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ဆေးရုံတက် နာမကျန်းလူနာများ၊ သက်ကြီးသတင်းထောက်နှင့် စာရေးဆရာများအား ပူဇော်ကန်တော့ရေးနှင့် စာပေရေးရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ (၀၃၂)

ဝမ်းလျှောဝမ်းပျက်ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့်အန်ဖတ်များတွင် ပါရှိသည်။ ဝမ်းနှင့် အန်ဖတ်များထဲမှ ရောဂါပိုးများ ရေနှင့်အစားအစာများထဲသို့ ရောက်ရှိပြီး လူတို့စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ ဝမ်းလျှောဝမ်းပျက်စေနိုင်သည့် အကြောင်းများ

(၁) ယင်လုံအိမ်သာအသုံးမပြုဘဲ မြေပြင်ပေါ်တွင် မစင်စွန့်ခြင်း
(၂) ယင်အုံ ယင်နားစာများ စားသောက်ခြင်း
(၃) မလတ်ဆတ်သော အစားအစာများ စားသုံးခြင်း
(၄) ချောင်းရေဖြင့် အိုးခွက်ပန်းကန်များ ဆေးကြောခြင်း
(၅) ချောင်းရေကို မကျိုချက်ဘဲသောက်ခြင်း
(၆) အစားအစာမကိုင်တွယ် မစားသောက်မီနှင့် မစင်စွန့်ပြီးချိန်တွင် လက်ကို ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်မဆေးခြင်း

၃။ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားကူးစက်မှုမရှိရန်

(၁) သန့်ရှင်းသော ယင်လုံအိမ်သာအသုံးပြုပါ။ မြေပြင်ပေါ်တွင် မစင်မစွန့်ပါနှင့်။ ယင်မလုံပါက ထုံး၊ ပြာ၊ မြေကြီးဖြင့် ဖုံးပါ။
(၂) ယင်ပေါက်ပွားမှုမရှိအောင် အမှိုက်သရိုက်များကို ကျင်းတူး၍စွန့်ပစ်ပြီး နေ့စဉ် ထုံး သို့မဟုတ် မြေကြီးဖြင့်ဖုံးပါ။
(၃) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ပါ။ ယင်နားစာများ မစားပါနှင့်။
(၄) အစားအစာများကို ပူပူနွေးနွေးစားသောက်ပါ။ ဝမ်းနူးစာများနှင့် ပြင်ပမှ အစာများ မစားပါနှင့်။
(၅) ချောင်းရေမြောင်းရေများကို မသောက်ပါနှင့်။ ဆေးကြောရာတွင် မသုံးပါနှင့်။
(၆) ချောင်းအတွင်းရေချိုးခြင်း၊ ရေကူးခြင်းနှင့် ချောင်းအနီးတွင် အဝတ်လျှော်ခြင်း မပြုပါနှင့်။
(၇) ရေကို ကျိုချက်၍သောက်ပါ။
(၈) အိမ်ရာများမှ ရေလှောင်ကန်များထဲသို့ ရေပုံးနှင့် မခပ်ပါနှင့်။
(၉) အိမ်သာမှအဆင်းနှင့် အစားအစာများကို မကိုင်တွယ်မစားသောက်မီ လက်ကို ရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးပါ။
(၁၀) ဝမ်းလျှောဝမ်းပျက်လူနာများနှင့် လူနာပြုစုသူများသည် လက်ကို ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်စွာဆေးကြောပါ။
(၁၁) လူနာကို ကိုင်တွယ်ပြုစုပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်စွာ ဆေးကြောပါ။

ကျန်းမာရေးဝန်ကြီးဌာန

စံ(၅)ချက်နှင့်ညီသည့် စာကြည့်တိုက်ဖြစ်ပေါ်ရေး ကျောက်တလုံးကြီးမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ကျောက်တလုံးကြီး ဧပြီ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့်အဖွဲ့သည် မတ် ၂၅ရက်က နောင်ခဲကျေးရွာအုပ်စု ခေးလူးတောင်ရွာသို့ သွားရောက်၍ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံကာ စံ(၅)ချက်နှင့် ညီသည့် စာကြည့်တိုက်ဖြစ်ပေါ်ရေး ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်က ကျေးရွာစာကြည့်တိုက်ပိုင် မြေနေရာနှင့် အဆောက်အအုံရရှိရေး၊ စာအုပ်၊ ပရိဘောဂတိုးပွားရေးနှင့် စာကြည့်တိုက် စာငှားကတ်စနစ် ကျင့်သုံးရေးကိစ္စများ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကျေးရွာစာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ဆွေးနွေးတင်ပြသည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက် ရှင်သန်ခိုင်မာရေး အောင်မြေသာစံ၌ ဆွေးနွေး

မန္တလေး ဧပြီ ၂၅

မန္တလေး အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာဖတ်ဝိုင်းနှင့် ရပ်ကွက်စာကြည့်တိုက် ရှင်သန်ခိုင်မာရေး ဆွေးနွေးပွဲကို မတ် ၂၆ ရက်က မဟာဓေယျာဘုံ ရပ်ကွက်ရုံး၌ ကျင်းပသည်။ ရှေးဦးစွာ တက်ရောက်လာကြသော ရပ်ကွက်ပြည်သူများက ခင်းကျင်းထားသော သုတရသ၊ မဂ္ဂဇင်းနှင့်စာစောင်များကို ဖတ်ရှုလေ့လာကြပြီး စာပေရေးရာများ အပြန်အလှန် ဆွေးနွေးကြသည်။

ရှင်းလင်း

ထို့နောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးအောင်က ရပ်ကွက်စာကြည့်တိုက် ရှင်သန်နေမှု၊ အသင်းဝင်နှင့် စာအုပ်စာစောင်အရေအတွက်၊ လုပ်ငန်းလည်ပတ်နေမှုများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းပပထွန်းက စာငှားကတ်စနစ် ကျင့်သုံးရေး၊ စာကြည့်တိုက်များ အစဉ်ရှင်သန်ဖွံ့ဖြိုးခိုင်မာစေရေးတို့ကို ပြောကြားသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ ဆက်)

(၅၄)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၂၅

ဦးအောင်နိုင်ဦး (လူမှုထူးချွန် တတိယဆင့်) ညောင်လေးပင်မြို့သည် ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးလှူဌာန၌ ဧပြီ ၅ရက်က (၅၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (ဝဲပုံ) (သွေးဌာန)

စိုက်ပျိုးရေးပညာပေးဟောပြောပွဲ ဟိုပန်၌ကျင်းပ

ဟိုပန် ဧပြီ ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့နယ်၌ ၁၀မျိုး ၁၀ပင် ဘူးတစ်စင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေး ပညာပေးဟောပြောပွဲကို ဧပြီ ၃ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပညာပေးဟောပြော

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ဇင်က ၁၀မျိုး ၁၀ပင် ဘူးတစ်စင်စိုက်ပျိုးခြင်း နည်းစနစ်များ၊ ပိုးသတ်ဆေးသုံးစွဲရာတွင် လိုက်နာရမည့်အချက်များ၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာသုံးစွဲခြင်း နည်းလမ်းများနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းအားဖြင့် ဝန်ထမ်းနှင့် မိသားစုသက်သာချောင်ချိမှုကို ဖြစ်စေခြင်း၊ လတ်ဆတ်စွာစားသုံးရသဖြင့် ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ ဌာနရုံးများ၊ လုပ်ငန်းခွင်များ၊ နေအိမ်ပတ်ဝန်းကျင်များ စိမ်းလန်းစိုပြည်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိခြင်းကို ရှင်းလင်းဟောပြောသည်။

တက်ရောက်

စိုက်ပျိုးရေးပညာပေး ဟောပြောပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက် ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများ နှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

လူပျောက်

(ဦးဝင်းသိန်း)-ဒေါ်ငယ်တို့၏သား ဖြစ်သူ အထက်ပါဓာတ်ပုံရှိမောင်ကွန်ဖြူ (ခ) မောင်ချမ်းရှေ့(တ်) (စိတ်ဝေဒနာရှင်)သည် နေအိမ်မှ ပျောက်သွားသည်မှာ တစ်လခန့်ရှိပြီဖြစ်၍ တွေ့ရှိသူများ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်အကြောင်းကြားပေးပါရန်၊ သတင်းပေးသူအား ကျေးဇူးဆပ်ပါသည်။ **(ဦးဝင်းသိန်း)-ဒေါ်ငယ် ပေါင်းရပ်ကွက်၊ အမှတ်(၉)နယ်မြေ ထွေးပင်ချောင်ရပ်၊ ပေါင်မြို့၊ မွန်ပြည်နယ်။**

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၊ မြေကွက်အမှတ်၃၁၅၊မြေကွက်တည်နေရာအမှတ် ၃၁၅၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်သန်းရင်(CA-၀၆၆၇၆) အမည်ပေါက် နှစ်၆၀ဂရန်မြေကို အမည်ပေါက် မိခင်နှင့်ဖခင် ဦးကျော်ငြိမ်းနှင့် သားတစ်ဦးဖြစ်သူ ဦးမျိုးမြင့်(လူမှု) တို့ ကွယ်လွန်သဖြင့် (၁)ဒေါ်ညွန့်ညွန့် ၁၂/ဥကတ(နိုင်)၀၉၅၅၈၆၊ (၂)ဒေါ်နွဲ့နွဲ့အေး ၁၂/ဥကတ(နိုင်) ၀၇၃၇၆၅၊ (၃)ဦးအေးမြင့် ၁၂/ဥကတ(နိုင်) ၁၄၀၈၀၄၊ (၄)ဒေါ်အေးအေးလှ ၁၂/ဥကတ(နိုင်)၀၇၂၄၈၄၊ (၅)ဒေါ်ကြူကြူနွယ် ၁၂/ဥကတ(နိုင်) ၁၆၆၃၆၀ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

[illegible]

[illegible]

ဧပြီ ၂၄ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်အောင်တို့၏ကြီးကြပ်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ မင်္ဂလာရပ်ကွက်နှင့် နန်းပန်ရပ်ကွက်တို့မှ ပြည်သူများပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေး ဇီဝလုံခြုံရေးသင်တန်း ဖန်းမော်မြို့ မြဝတီခန်းမ၌ဖွင့်

ဖန်းမော် ဧပြီ ၃၀

ဖန်းမော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကကြီးမှူးဖွင့်လှစ်သည့် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံရေးသင်တန်းကို ဖန်းမော်မြို့ အထက(၃) မြဝတီခန်းမ၌ ဧပြီ ၂၉ရက် နံနက် ၉နာရီက ကျင်းပသည်။

ထိန်းချုပ်ရေး

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးမောင်မောင်ညွန့်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာစိုးသိမ်း (လက်ထောက်ညွှန်ကြားရေးမှူး)က ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံမှုဖြင့် မွေးမြူရေးနည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေး

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းဝင်များ၊မွေးမြူရေး လုပ်ငန်းရှင်များ တက်ရောက်ကြကာ မရှင်းလင်းသည့် အကြောင်းအရာများကို မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ကိုမြင့်နှင့် ဒေါက်တာကိုကိုလတ်(C.Pကုမ္ပဏီတာဝန်ခံ) တို့က ပြန်လည်ဆွေးနွေး တင်ပြကြသည်။

(ခရိုင် ပြန်/ဆက်)

(၁၄)ကြိမ်မြောက်သွေးလှူ

တာချီလိတ် ဧပြီ ၂၉

တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပုံနှိပ်ကျွမ်းကျင်(၅) ဦးမြင့်သန်း **(အပေါ်ပုံ)**သည် မန္တလေးပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်တွင် မတ် ၁၆ရက်က (၁၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျိုက္ခမီဈေးရှိ အရောင်းဆိုင်များ ကျန်းမာရေးနှင့်ညီညွတ်ရေး ကွင်းဆင်းစစ်ဆေး

သံဖြူဇရပ် ဧပြီ ၃၀

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ စည်ပင်သာယာဈေးအတွင်းရှိ အသား၊ ငါး၊ ပုစွန်အရောင်းဆိုင်များ ကျန်းမာရေးနှင့် ညီညွတ်ရေး၊ အသား၊ ငါး၊ ပုစွန်များတွင် ဘေးဥပဒ်အန္တရာယ်ဖြစ်စေသည့် ဓာတုဗေဒဆေးဝါးများသုံးစွဲခြင်း မရှိစေရေးအတွက် မတ်၁၃ရက်က မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးလှမင်းဇော်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာသက်စိုးပိုင်၊ စည်ပင်သာယာရေးအဖွဲ့ ကျိုက္ခမီဈေးတာဝန်ခံ ဦးခင်မောင်ဝင်းတို့ပါဝင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး **(ဝဲပုံ)**နှင့် အသိပညာပေးမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ရေခံမြေခံကောင်းတို့ဖြင့် ဖွံ့ဖြိုးစည်ပင်လျက်ရှိသော ကယားပြည်နယ် လွိုင်ကော်မြို့နယ်က လောပိတကျေးရွာ

သတင်းခရီးသည် ➤ တင်ထွေး (သတင်းစဉ်)၊ ဓာတ်ပုံမှတ်တမ်း ➤ ကိုထွေး၊ စာမျက်နှာဖွဲ့စည်းမှု ➤ လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

လောပိတရေတံခွန်သည် တောင်ခြေအရောက်တွင် ဘီလူးချောင်းအဖြစ် ဆက်လက်စီးဆင်းသွားမှုကို တွေ့ရစဉ်။

လွိုင်ကော် မေ ၃

မြန်မာပြည်တစ်နံတစ်လျားသို့ သတင်းတာဝန်ဖြင့် ကြိမ်ဖန်များစွာ ရောက်ဖြစ်ခဲ့သော်လည်း ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့ကိုမူ အကြောင်းမတိုက်ဆိုင်၍ မရောက်ဖြစ်သေးချေ။ မရောက်ဖူးသည့်ဒေသကို ရောက်ဖူးချင်သည်မှာ သတင်းခရီးသည်တို့၏ အာသီသပင် ဖြစ်ပါလိမ့်မည်။

အကြောင်းဖန်လာ

ပြီးခဲ့သည့် မတ်လဆန်းက ကယားပြည်နယ်သို့ သွားရန် အကြောင်းဖန်လာခဲ့ရာ ထခုန်မတတ် ဝမ်းသာခြင်းဖြစ်ရပါသည်။ လွိုင်ကော်မြို့နယ် လောပိတကျေးရွာရှိ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (လောပိတ)၏ နှစ်(၅၀)ပြည့်ရွှေရတုသဘင်အကြို သတင်းဆောင်းပါး ရေးသားရန် သွားရောက်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❍

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ကောင်းမြတ်သူ ➤ စုစည်းသည်

နေ့စဉ်ငါးမိနစ်ခန့် လေ့ကျင့်ခန်းပြုလုပ်ပေးလျှင် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး ကောင်းမွန်လာမည်

လန်ဒန် မေ ၃

သစ်ပင်တောတန်းနှင့် စိမ်းလန်း သာယာသောနေရာများတွင်ဖြစ်စေ၊ ဥယျာဉ်ပန်းခြံများ၌ဖြစ်စေ နေ့စဉ် နံနက်စောစော ငါးမိနစ်ခန့် နှစ်သက်ရာလေ့ကျင့်ခန်း တစ်ခုခုပြုလုပ်ပေးလျှင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတိုးတက်ကောင်းမွန်စေနိုင်ကြောင်း ဗြိတိသျှသုတေသန သိပ္ပံပညာရှင်များက လေ့လာတင်ပြထားသည်။

အကြံပြုတင်ပြ

အဆိုပါနေရာများတွင် လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ လှေလှော်ခြင်း၊ မြင်းစီးခြင်းစသော လေ့ကျင့်ခန်းများ နေ့စဉ် ပြုလုပ်ပေးသင့်ကြောင်း ဆေးသုတေသနအဖွဲ့က အကြံပြုတင်ပြထားသည်။ ၎င်းအဖွဲ့က လူဦးရေ ၁၂၅၀ အား သုတေသနပြုဆန်းစစ်ကြည့်ရာ စိတ်ကျန်းမာရေး တိုးတက်ကောင်းမွန်မှုများရှိခဲ့ကြောင်း လေ့လာတင်ပြထားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

မီးမှန်သမျှ သုံးတတ်က
မုချမီးဘေး ခဉ်ကင်းဝေး